# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၁၉)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဩဂုတ် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့ လာရောက်လေ့လာသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိခန်းမဆောင်၌ **စာမျက်နှာ ၁၆ ကော်လံ ၁ ⇛**

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဩဂုတ် ၁၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသား **စာမျက်နှာ ၅ ကော်လံ ၁ ➥**

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သင်တန်းဆင်းပွဲကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာလာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သင်တန်းဆင်းပွဲအခမ်းအနားများကို **စာမျက်နှာ ၁၁ ကော်လံ ၃ ▼**

## ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှဆောင်ရွက်လျက်ရှိသည့် အခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်

**(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ နေပြည်တော်)**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၊ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာကြသည့် လေ့စီးဒုက္ခသည်များနှင့်ဘင်္ဂလားဒေ့ရှ်ကော့စ်ဘဇားရှိ စခန်းများတွင် နေထိုင်လျက်ရှိသူများနှင့်ပတ်သက်၍ ကမ္ဘာ့သတင်းမီဒီယာများတွင် အမျိုးမျိုးအဖုံဖုံပုံဖော်ရေးသားလျက်ရှိကြပါသည်။ ယင်းသို့ ရေးသားထုတ်ဝေ၊ ထုတ်လွှင့်ပြောဆိုနေမှုများသည် သတင်းမှားများ၊ အချက်အလက်မှားများအပေါ်အခြေခံလျက် တစ်ဖက်စောင်းနင်းရေးသား ပြောဆိုနေကြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ကို အောက်ပါအတိုင်း ရှင်းလင်းဖော်ပြလိုပါသည်-

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်သည့် အဖြစ်မှန်မှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အာဆာအကြမ်းဖက်အဖွဲ့က လူအင်အား၊ လက်နက်အင်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးရဲကင်းများနှင့် ရဲတပ်ရင်းများကို တစ်ပြိုင်နက်တိုက်ခိုက်မှုများ၊ ထပ်တိုးတိုက်ခိုက်မှုများ ပြုလုပ်ရုံသာမက အစိုးရဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများအား အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် တပ်မတော်က အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရပါသည်။ အာဆာအကြမ်းဖက်အဖွဲ့၏ **စာမျက်နှာ ၇ ကော်လံ ၁ ❑**


**“ ရန်ကုန်မြို့မှာဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်ဖို့ပူးပေါင်းအဖွဲ့နဲ့ ရေဖြန့်ဖြူးပေးဝေနေတဲ့ မြို့နယ်တွေကို ကွင်းဆင်းပြီး နေ့စဉ်လိုက်လံကြည့်ရှုစစ်ဆေးနေပါတယ် ”** ဒေါ်သွဲ့နိုင်ဦး

**အင်တာဗျူး စာ - ၁၀ သို့**

**ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း** **စာ - ၇ သို့**

**Digital Smart မီတာ အသစ်များကို Website မှ လျှောက်ထားရာတွင် ပေးသွင်းရမည့်နှုန်းထားများအား အသိပေးကြေညာခြင်း** **စာ - ၁၀ သို့**

**မြို့ပြကျန်းမာရေးနှင့် ဝမ်းရောဂါအန္တရာယ်** **ဆောင်းပါး စာ - ၁၃ သို့**

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၅ ရက်)

# နိုင်ငံနှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရေးတွင် စက်မှုကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်သည်။ စက်မှုလုပ်ငန်းများနှင့် MSMEs များသည် ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်း၊ အလုပ်အကိုင်ဖန်တီးခြင်း၊ သွင်းကုန်နှင့်နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချခြင်းတို့ဖြင့် နိုင်ငံ၏စီးပွားရေးကိုမောင်းနှင်ပေးသည့် အဓိက အင်အားစုဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏စီးပွားရေးလုပ်ငန်းများကိုလေ့လာကြည့်ပါက MSMEs လုပ်ငန်းများမှာ နိုင်ငံ့စီးပွားရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းခန့်ရှိနေပြီး အလုပ်အကိုင်ဖန်တီးပေးမှုမှာလည်း ၆၀ မှ ၇၀ ရာခိုင်နှုန်းဖြစ်ကြောင်းသိရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သည်။

နေ့စဉ်နှင့်အမျှနည်းပညာတိုးတက်နေသည့်အချိန်ကာလတွင် မြန်မာနိုင်ငံအနေဖြင့်လည်း တိုးတက်နေသည့် နည်းပညာကို ပြည့်ဝစွာအသုံးပြုနိုင်ရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအကောင်အထည် ဖော်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍လည်း တိုင်းဒေသကြီးအလိုက် နေထိုင်သည့်လူဦးရေအပေါ်တွင်မူတည်၍ ဒေသ၏စားရေးဖူလုံမှုရှိအောင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တွက်ချက်ဆောင်ရွက်ကြရမည် ဖြစ်သည်။ ပြည်သူများစားသောက်ရေးအတွက် အလုပ်လုပ်ကိုင်နေသူများအနေဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး လိုအပ်ချက်များကို နိုင်ငံတော်မှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စားသုံးဆီဖူလုံရေးနှင့်ပတ်သက်၍ နှစ်စဉ်ပြည်ပမှတင်သွင်းမှုပြုနေရသည်။ ထိုသို့ တင်သွင်းရန်အတွက် နိုင်ငံခြားငွေများကိုသုံးစွဲရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်ဆီထွက်သီးနှံပိုမိုစိုက်ပျိုး ဖြစ်ထွန်းရေးကို ဆောင်ရွက်ကြရန်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများစိုက်ပျိုးဖြစ်ထွန်းလျက်ရှိ သော်လည်း ပြည်တွင်း တစ်ဦးချင်းဆီစားသုံးမှုနှုန်းမှာ များပြားလျက်ရှိသည်။ ဆီစားသုံးမှုများပြားခြင်းသည် ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေသည်။ဆီစားသုံးမှုကိုလျှော့ချသွားကြရန်လိုပြီး မိမိတို့၏ကျန်းမာရေး ကိုထိခိုက်စေမည့် ဆီအလွန်အကျွံစားသုံးခြင်းများကိုရှောင်ကြဉ်ကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် စီးပွားရေးအခြေခံကောင်းများနှင့် စိုက်ပျိုးမွေးမြူရေးရေခံမြေခံကောင်းများကို ပိုင်ဆိုင် ထားရှိပြီးဖြစ်သဖြင့် ဒေသနှင့်နိုင်ငံ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများနှင့် စက်မှုဇုန်များ၌ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နေကြခြင်းဖြစ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချပေးလျက်ရှိသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အရေအတွက်ထက် အရည်အသွေးကောင်းမွန်မြင့်မားရေးကို အဓိကထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ယခင်က မြန်မာနိုင်ငံတွင် စီမံကိန်းစီးပွားရေးစနစ်ဖြင့်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများ၌ အရည်အသွေးပိုင်းတွင်အားနည်းချက်အချို့ရှိခဲ့သည်။ ထို့ကြောင့် ယခုအခါ နိုင်ငံတော်အကြီးအကဲ၏စီးပွားရေးမူဝါဒအရ **"ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရမည်"** ဟူသည့်လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်ကြရာတွင် ကိန်းဂဏန်းအချက်အလက်များမှန်ကန်စွာနှင့် ထုတ်လုပ်မှုများ မှန်မှန်ကန်ကန်ဖြစ်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာကြခြင်းဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် GDP များ ယခုထက်ပိုမိုတိုးတက်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို ပိုမိုမြှင့်တင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝအရင်းအမြစ်များနှင့်ထုတ်ကုန်ပစ္စည်းဟူ၍ နှစ်မျိုးရှိထားပြီးဖြစ်သည်။ ထို့ပြင် လူသားအရင်းအမြစ်များလည်းရှိသည်။ သဘာဝအရင်းအမြစ်များ၊ ထုတ်ကုန်ပစ္စည်းများကို ကုန်ကြမ်း အနေဖြင့် တင်ပို့ရောင်းချခြင်းမျိုးကို လုပ်ဆောင်ခြင်းထက် ထုတ်ကုန်ပစ္စည်းများကို တစ်ဆင့်မြှင့်တင်ထုတ်လုပ် ခြင်းမျိုးကိုသာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဆင့်မြင့်ကုန်ထုတ်လုပ်ငန်းများတိုးမြှင့်ဆောင်ရွက် ခြင်းဖြင့် အလုပ်အကိုင်များလည်း ပိုမိုပေါ်ထွန်းလာမည်ဖြစ်သည်။ နိုင်ငံအတွင်းလုပ်ငန်းများ၊ အလုပ်အကိုင်များတိုးတက်သည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းပိုမိုများပြားလာကာ ပြည်ပသို့ သွားရောက်လုပ်ကိုင်နေရခြင်းမျိုး နည်းပါးသွားမည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေးထုတ်ကုန်များကိုအားပေးခြင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများကို အားပေးခြင်းများ ဆောင်ရွက်ကြရမည်ဖြစ် သည်။ ထို့အတူ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများတွင် နည်းပညာနှင့်လုပ်ဆောင် သည့်လုပ်ငန်းများပေါ်ပေါက်လာရမည်ဖြစ်သည်။ သို့မှသာ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာပြီး ဝင်ငွေရလာမည်ဖြစ်သည်။ ဥစ္စာနေကြွယ်ဝပြီး ပြည်သူများ၏လူမှုစီးပွားတိုးတက်လာ မည်။ အနှစ်ချုပ်ဆိုရသော် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် သက်ဆိုင်သူအားလုံးက အလုပ်ကို ဖိဖိစီးစီး ကြိုးစားလုပ်ဆောင်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။

# ပျော်ဘွယ်မြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ပျော်ဘွယ် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ စည်ပင်သာယာဈေးအတွင်း ဈေးရောင်းချသူများ၊ ဈေးဝယ်လာရောက်သူများ သိရှိစေရန်ရည်ရွယ်၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းကို ဩဂုတ်လ ၁၄ ရက် နံနက်ပိုင်းတွင်ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့လဲ့အောင် က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားတတ်သည့်အကြောင်းအရာများ၊ ဈေးရောင်းသူများအနေဖြင့် မိမိရောင်းချသည့် စားသောက်ကုန်ပစ္စည်းများအား ယင်မနားစေရန် အကာအကွယ်နှင့် ဖုံးအုပ်ရမည့်အခြေအနေများ၊ ရက်လွန် သို့မဟုတ် သတ်မှတ်ကုန်ဆုံးကာလကျော်လွန်သော စားသောက်ကုန်ပစ္စည်းများရောင်းချခြင်းမပြုစေရေးတို့ကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် ဈေးအတွင်း စားသောက်ကုန်ပစ္စည်းများရောင်းချနေသည့်ဆိုင်များသို့ သွားရောက်ကာ သက်တမ်းလွန်ပစ္စည်းများရောင်းချမှုမရှိစေရေး၊ ယင်နားစာမဖြစ်အောင် အကာအကွယ်ထားရှိရေး စသည့်အကြောင်းအရာများအား တစ်ဦးချင်းအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ထို့နောက်ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

သဲကုန်း ဩဂုတ် ၁၄

ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝစွာစားသုံးရန်၊ အာဟာရချို့တဲ့မှု ကင်းဝေးစေရန်နှင့် ကျန်းမာကြံ့ခိုင်စွာကြီးထွားဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ဒုတိယအပတ်အဖြစ် အသက်ငါးနှစ်အောက် ကလေးငယ်များအား အာဟာရကျွေးခြင်းရက်သတ္တပတ်လှုပ်ရှားမှုကို ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှရွှေက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုရည်ရွယ်ချက်များအားရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်အေးစန်းနှင့် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေးသန္တာတို့က ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ဂရုတစိုက်ကျွေးမွေးသင့်သည့် အစာအာဟာရများအကြောင်း၊ အစာအုပ်စု (၅)အုပ်စုတွင်ပါဝင်သော အာဟာရပြည့် အစားအစာများအကြောင်း၊ ကလေးငယ်များ ကျန်းမာကြံ့ခိုင်ကြီးထွားဖွံ့ဖြိုးစေရန် လိုက်နာရမည့်အချက်များကို ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှရွှေနှင့်အဖွဲ့ဝင်များပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၅) နှစ်အောက် ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အာဟာရချို့တဲ့သော ကလေးငယ်များအား အာဟာရပြည့်နို့မှုန့်များဝေငှခြင်း၊ အိုင်အိုဒင်းဆားများဝေငှခြင်းတို့ ဆောင်ရွက်ပေးကြသည်။

သဲကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အဖြစ် ပထမပတ်တွင် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်တွင် ငါးနှစ်အောက် ကလေးငယ်များနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် ဆောင်ရွက်ခဲ့ပြီး တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ စတုတ္ထပတ်တွင် အိုင်အိုဒင်းချို့တဲ့ရောဂါပပျောက်ရေးလုပ်ငန်းများကို ရက်သတ္တပတ်အလိုက် လှုပ်ရှားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

## သဖင်(FM)အသံလွှင့်အစီအစဉ်

၁၅-၈-၂၀၂၆(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ် the Myawady Daily

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ဒေါ်နှင်းဝတ်ရည်ဖွေး၊ဒေါ် ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်တွင်းစားသုံးမှုဖူလုံအောင် ဖြန့်ဖြူးရန်၊ ပိုလျှံသည်များကို ပြည်ပသို့ ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့ရန် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မှာကြား



နေပြည်တော် ဩဂုတ် ၁၄

ပြည်တွင်းစားသုံးမှု ဖူလုံအောင် ဦးစွာဖြန့်ဖြူးရန်၊ ဖြန့်ဖြူးရာတွင် ဈေးနှုန်းသက်သာစွာဖြန့်ဖြူးရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့ ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန် (၁) ရှိ Shwe War Yaung Agriculture Production Co.,Ltd. ၌ ပြည်ပသို့တင်ပို့ရန် အဆင့်မြင့်ဆန်များအား သန့်စင်ခြင်း၊ အရောင်ခွဲခြင်း၊ အရွယ်အစားခွဲခြားသတ်မှတ်ခြင်း၊ အရည်အသွေးပြည့်မီစေရေးစစ်ဆေးခြင်း၊ အိတ်သွတ်ထုပ်ပိုးခြင်း လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးစဉ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မှာကြားသည်။

ဆက်လက်၍ လှိုင်သာယာစက်မှုဇုန်(၁)ရှိ Mega Pack Co.,Ltd. ၏ သွင်းကုန်အစားထိုး လုပ်ငန်းဖြစ်သည့် ဆန်အိတ်၊ ပဲအိတ်၊ ဓာတ်မြေဩဇာအိတ်၊ ကြက်သွန်အိတ်အပါအဝင် ပီနံအိတ်ခွံ ၆၀ ခန့်ထုတ်လုပ်သည့် စက်ရုံနှင့် KK Fishing Net Factory Co., Ltd. ၏ ရွက်လှေတံဆိပ်ငါးဖမ်းပိုက် ထုတ်လုပ်သည့်စက်ရုံ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူက တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ တင်သွင်းလာသော အဆင့်မြင့်အလိုအလျောက်စနစ်သုံး စက်ယန္တရားများဖြင့် ငါးဖမ်းပိုက်များထုတ်လုပ်၍ အရှေ့တောင်အာရှနိုင်ငံ ဈေးကွက်များသို့ တင်ပို့လျက်ရှိကာ တောင်အမေရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများရှိ ဈေးကွက်သို့ တိုးချဲ့တင်ပို့ရန် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည့် အစီအစဉ်တို့ကို ဆွေးနွေးမှာကြားသည်။

အလားတူ လှိုင်သာယာစက်မှုဇုန်(၄)ရှိ Thamadi Family Co.,Ltd. ၏ ဆန်စက်၌ ပြည်ထောင်စုဝန်ကြီးက ပြည်ပတင်ပို့ရာတွင် ဝယ်ယူသည့်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်နှင့်အညီတင်ပို့ရန်၊ ပြည်ပပို့ကုန်ပစ္စည်းများအား သတ်မှတ်အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး စက်ရုံအတွင်း အဆင့်မြင့်ဆန်များကြိတ်ခွဲထုတ်လုပ်နေမှု၊ ပြည်ပသို့ တင်ပို့ရန် ကွန်တိန်နာပေါ်သို့ ထည့်သွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မင်္ဂလာဒုံစက်မှုဇုန်ရှိ Fu Xing Brothers Co., Ltd. ၏ ရော်ဘာသိုလှောင်ရုံသို့ သွားရောက်၍ သိုလှောင်ရုံအတွင်း ထားရှိသည့်ရော်ဘာများ အရည်အသွေး ထိန်းသိမ်းမှု၊ စနစ်တကျစီမံခန့်ခွဲထားရှိမှု၊ သိုလှောင်ရုံတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် ၂ မဂ္ဂါဝပ် Solar Power စနစ်ဖြင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုနှင့် ရော်ဘာများ ပြည်ပသို့တင်ပို့မည့်အစီအစဉ် ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ အကြား ခရီးသွားလုပ်ငန်းကဏ္ဍပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်ခရီးသွားလာမှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ၏ ခရီးသွားနေရာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ဓာတ်ပုံနှင့် ဗီဒီယိုများဖလှယ်ရေးတို့ကို ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemo-danova ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံစဉ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဘယ်လာရုစ်ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ သဘာဝအလှအပများ၊ ကမ်းခြေဒေသများနှင့် အခြားထင်ရှားသော ခရီးသွားနေရာများကို ဘယ်လာရုစ်ပြည်သူများ ပိုမိုသိရှိလာစေရန် သတင်းအချက်အလက်များဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံကြား ဗီဇာကင်းလွတ်ခွင့်များရရှိလာပြီဖြစ်၍ မင့်စ်-ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ်ရှိလာပါက ဘယ်လာရုစ်နိုင်ငံမှ ခရီးသွားများ မြန်မာနိုင်ငံသို့လာရောက်ရန် ပိုမိုလွယ်ကူမည်ဖြစ်ပြီး Tour Operator များအနေဖြင့် ခရီးစဉ်များကို ပိုမိုထိရောက်စွာစီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ကမ်းခြေခရီးသွားလုပ်ငန်းအပြင် တောင်တက်ခရီးစဉ်များ၊ စွန့်စားခရီးသွားလုပ်ငန်းများနှင့် အင်းလေးဒေသကဲ့သို့ ထူးခြားသည့် ခရီးသွားအတွေ့အကြုံများ ရရှိနိုင်သည့် နေရာများစွာရှိကြောင်း၊ မြန်မာနိုင်ငံ၏ ထင်ရှားသောခရီးသွားနေရာများနှင့် ယဉ်ကျေးမှု၊ သဘာဝအလှအပများကို ဖော်ပြထားသည့် ဗီဒီယိုနှင့် ဓာတ်ပုံများကို ဘယ်လာရုစ်နိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့် ဖြန့်ဝေ၍ ဘယ်လာရုစ်ပြည်သူများနှင့် Tour Operator များ ပိုမိုသိရှိလာစေရေး ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရုံးအမှတ်(၃၅) လေ့ကျင့်ရေးကဇာတ်ရုံ၌ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ဝတ်စုံပြည့် ကပြဖျော်ဖြေတင်ဆက်သည့် "မေတ္တာရွှေစောင်း ဓမ္မရသ ဇာတ်တော်ကြီး" ကို ကြည့်ရှုအားပေးပြီး ပါဝင်ကပြဖျော်ဖြေခဲ့သည့် အနုပညာရှင်ဝန်ထမ်းများအား ဂုဏ်ပြုစကားပြောကြား၍ တက်ရောက်လာကြသည့် ပညာရှင်ကြီးများက အကြံဉာဏ်များ၊ လိုအပ်သည်များကို ဖြည့်စွက်အကြံပြုခဲ့ကြောင်း သိရသည်။

မြဝတီ



# စစ်ကိုင်းမြို့ပေါ်ရပ်ကွက် ကိုးခုရှိ ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့

စစ်ကိုင်း ဩဂုတ် ၁၄

စစ်ကိုင်းမြို့ပေါ်ရပ်ကွက်ကိုးခုရှိရေဘေးသင့်အိမ်ထောင်စု ၄၁၂ စု၊ လူဦးရေ ၁၅၆၉ ဦး အတွက် ငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် ငွေကျပ် ၁၁၄ သိန်းကျော် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင်စစ်ကိုင်းမြို့နယ် ထုံးဘိုရပ်ကွက် ရေဘေးရှောင်စခန်းရှိ ထုံးဘိုရပ်ကွက်နှင့် တကောင်းရပ်ကွက်တို့ရှိ ရေဘေးသင့်အိမ်ထောင်စု ၅၀ မှ လူဦးရေ ၂၀၄ ဦး၊ သောတာပန်ရပ်ကွက် လေးကျွန်းမာရ်အောင်ဘုရားဝင်းအတွင်းရှိ သောတာပန်ရပ်ကွက်နှင့်စိန်ကုန်းရပ်ကွက်တို့မှ ရေဘေးသင့်အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၅၀၊ မြေဝတီရပ်ကွက် ရှစ်မျက်နှာဘုရားဝင်းအတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၁၇၅ စု၊ လူဦးရေ ၆၅၀ တို့အတွက် ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းစီ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းရှိ အမြင်အာရုံချို့တဲ့သူများနှင့် ကလေးငယ်များ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှု၊ သင်တန်းသားအိပ်ဆောင်၊ စာသင်ဆောင်၊ အသက်မွေးဝမ်းကျောင်းသင်တန်းဆောင်တို့ကိုလှည့်လည်ကြည့်ရှုပြီး စစ်ကိုင်းမြို့ အသင်္ချာရိုဟ်ယာ၌ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များမှာကြား၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## (၁၄-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၁၇၉,၀၅၈.၂၄ | ၂,၁၀၂,၀၉၄.၈၇ | ၂,၇၈၉,၅၅၆.၀၀ | - |

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာနှင့် ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

လူငယ်တွေအနေနဲ့ ပညာရေးမှာကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေလျှော့စေချင်တယ်။ လူငယ်တွေကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေအများကြီးရှိပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏မေးမြန်းမှုများအပေါ် ဖြေကြားချက်မှကောက်နုတ်ချက်)

➥ **ရှေ့ဖုံးမှအဆက်**

လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူ့ကိုယ်စားလှယ်များ၏ ဆက်ဆံရေးတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ယုံကြည်နားလည်မှု၊ လေးစားမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး၊ လွှတ်တော်နှစ်ရပ်အကြား နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုများ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၁˚c |
| ရန်ကုန် | ၂၄˚c | / | ၃၅˚c |
| မန္တလေး | ၂၆˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။



နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့် တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် နိုင်ငံတော်၏အနာဂတ်ကြယ်ပွင့်လေးများဖြစ်ကြသော မျိုးဆက်သစ် ကျောင်းသားလူငယ်မောင်မယ်များကို ကျောင်းတက်ချိန်ကျောင်းပြင်ပဗဟုသုတရရှိစေရန် လေ့လာရေးအဖြစ် နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ တပ်မတော်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်၊ တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ်ထားရှိသောစေတနာနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် ရည်မှန်းချက်များကိုသိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များဖြစ်ပေါ်လာစေရန်၊ တပ်မတော်၏သမိုင်းဝင် စစ်လက်နက်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားမှုအတွေ့အကြုံများရရှိစေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန်၊ ကျောင်းသားတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သားနာယူမှု စွမ်းရည်ကို တိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(သစ်တပ်)မှကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်း ရုပ်ရှင်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက်အတွင်းရှိ ရှေးမြန်မာမင်းများ အသုံးပြုသည့်ပစ္စည်းများ၊ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဓာတ်ပုံများနှင့်ရုပ်တုများကိုလည်းကောင်း၊ တပ်မတော်(ရေ)ပြခန်းတွင် ရှေးခေတ်မြန်မာ့ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်မတော်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ၊ ခေတ်အဆက်ဆက် တပ်မတော်(ရေ)၏ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စစ်ရေယာဉ်ပုံစံငယ်များကိုလည်းကောင်း၊ တပ်မတော်(လေ)ပြခန်းတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော် (လေ)၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါး နှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှု ဓာတ်ပုံမှတ်တမ်းများ၊ လေသူရဲကောင်းများ မွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများကို လေ့လာကြပြီး ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သတင်းရရှိသည်။

(၁၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ငွေကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ၊ အလှူငွေကျပ်သိန်း ၇၁၀ လှူဒါန်း




နေပြည်တော် ဩဂုတ် ၁၄


မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းက ရေဘေးသင့်ဒေသများရှိပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ၊ ရေဘေးသင့်ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေများကို ကျန်းမာရေးဝန်ကြီးဌာနသို့ ယနေ့လာရောက်လှူဒါန်းသည်။

မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းကြရာ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက ဆေးနှင့်ဆေးပစ္စည်းများ၊ အလှူငွေများလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါလှူဒါန်းပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ညွှန်ကြားရေးမှူးချုပ်များထံ အလှူရှင်ကုမ္ပဏီများမှတာဝန်ရှိသူများက ဆေး၊ ဆေးပစ္စည်းများနှင့် အလှူငွေများအားပေးအပ်၍ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့လာရောက်လှူဒါန်းမှုသည်ငွေကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၇၁၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ




## မုန်တိုင်းငယ် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့နံနက် ၅ နာရီခွဲအချိန်ကိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အနောက်ဘင်္ဂလားပြည်နယ်ကုန်းတွင်းပိုင်းဒေသများသို့ရောက်ရှိခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကုန်းတွင်းပိုင်းဒေသများနှင့် ဂျာခမ်းပြည်နယ်တို့ကို နောက် ၂၄ နာရီအတွင်းဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/ဇလ)

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ပရဟိတအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားများက ဝေနပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၌ ၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝေနမြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့၊ မြို့ပေါ် ရပ်ကွက် (၅)ခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၄ ရွာ၊ ဟင်္သာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ် ရပ်ကွက် ၄ ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ငါးသိုင်းချောင်းမြို့၊ မြို့ပေါ်ရပ်ကွက် ၂ ခု၊ ကျုံပျော်မြို့၊ မြို့ပေါ်ရပ်ကွက် ၂ ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၉ ရွာ၊ ကျောင်းကုန်းမြို့၊ မြို့ပေါ်ရပ်ကွက် (၂)ခုနှင့် ကျေးရွာ(၂) ရွာ၊ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ ၁၉၉ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဝေနပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝေနပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးစဉ်။

❑ **ရှေ့ဖုံးမှအဆက်**

ခြိမ်းခြောက်တိုက်ခိုက်မှုကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့ ထွက်ပြေးကြရပြီး ဘင်္ဂါလီအမြောက်အမြားက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသီးသီး နေရပ်စွန့်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

မှတ်တမ်းများအရ အာဆာအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်မတိုင်မီ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်ရှိ ဘင်္ဂါလီလူဦးရေမှာ ၇၄၀၀၀၀ ကျော်ရှိခဲ့ပြီး၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဘင်္ဂါလီလူဦးရေ ၂၀၀၀၀၀ ကျော် ကျန်ရှိနေထိုင်လျက်ရှိသဖြင့်၊ ဘင်္ဂါလီလူဦးရေ ၅၄၀၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်ဘက်သို့ နေရပ်စွန့်ခွာသွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်၊ ယင်းစိစစ်ချက်အရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ (၁) သန်းကျော်ရှိသည်ဟု ပြောကြားနေမှုများမှာ မှားယွင်းကြောင်း ထင်ရှားပါသည်။ မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက်ဘင်္ဂလားဒေ့ရှ်နှင့် နှစ်လအတွင်း၌ နှစ်နိုင်ငံသဘောတူစာချုပ် (၃) ခု ချုပ်ဆိုခဲ့ပြီး၊ ယင်းစာချုပ်များနှင့်အညီ လက်ခံရန် ၂၃-၁-၂၀၁၈ ရက်တွင် တစ်ကြိမ်၊ ပူးတွဲလုပ်ငန်းအဖွဲ့ သဘောတူညီချက်အရ ၁၅-၁၁-၂၀၁၈ ရက်တွင် တစ်ကြိမ်၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်၏ အကြောင်းကြားချက်အရ ၂၂-၈-၂၀၁၉ ရက်တွင် တစ်ကြိမ် စုစုပေါင်း (၃) ကြိမ် စီစဉ်စောင့်ဆိုင်းခဲ့သော်လည်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းမရှိခဲ့ပါ။

ဘင်္ဂလားဒေ့ရှ်ဘက်မှ မြန်မာဘက်သို့ နေရပ်စွန့်ခွာသူများစာရင်းအဖြစ် လူဦးရေ အမည်စာရင်း ၈၂၈၈၂၄ ဦး ပေးပို့ခဲ့ရာ၊ ၃၁-၇-၂၀၂၆ ရက်အထိ အမည်စာရင်း ၄၂၆၅၄၅ ဦးအား စိစစ်ခဲ့ပြီးဖြစ်ပါသည်။ စိစစ်ချက်အရ ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရှိသူ ၃၀၈၇၉၇ ဦး၊ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သူ ၄၂၄၁ ဦးနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြောင်းအထောက်အထား မတွေ့ရှိရသူ ၁၁၃၅၀၇ ဦး စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ ယင်းကိန်းဂဏန်းများအရ ဘင်္ဂလားဒေ့ရှ်စခန်းများတွင် နေထိုင်သူအားလုံးအား မြန်မာနိုင်ငံမှ လာရောက်သူဟု စွပ်စွဲပြောဆိုချက်များအပေါ် စိုးရိမ်မကင်းဖြစ်မိပါသည်။ အလားတူပင် လေ့စီးဒုက္ခသည်များနှင့် အခြားနိုင်ငံများသို့ မြန်မာနိုင်ငံတွင်မရှိသည့် လူမျိုးအမည်ဖြင့် ရောက်ရှိနေသူများကို မြန်မာနိုင်ငံမှဟု စွပ်စွဲဖော်ပြနေခြင်းများအား ပြတ်သားစွာ ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံတွင် ၁၉၇၈၊ ၁၉၉၁၊ ၁၉၉၂ ခုနှစ်များက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အထောက်အထား စစ်ဆေးစိစစ်သည့် လုပ်ငန်းစဉ်များကြောင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာခဲ့သူ ဘင်္ဂါလီများကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အကြား နှစ်နိုင်ငံသဘောတူညီချက်များဖြင့် အောင်မြင်စွာပြန်လည်လက်ခံနိုင်ခဲ့ပါသည်။ နေရပ်စွန့်ခွာသူများကို ၁၉၇၈-၁၉၇၉ ခုနှစ်များအတွင်း ၁၈၆၉၆၈ ဦး၊ ၁၉၉၂-၂၀၀၅ ခုနှစ်များအတွင်း ၂၃၆၄၉၅ ဦး ပြန်လည်လက်ခံခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် အမှန်တကယ်နေထိုင်ခဲ့သူများကို ပြန်လည်လက်ခံနိုင်ရန် စိတ်ဆန္ဒမှန်ဖြင့် ကြိုးပမ်းခဲ့ရာ၊ ရှေ့ပြေးစမ်းသပ်စီမံကိန်း (Pilot Project) ဖြင့် လက်ခံနိုင်ရေး ရခိုင်ပြည်နယ်သို့ ဖိတ်ကြားရှင်းလင်းသည့် Come-and-See ခရီးစဉ်၊ ဘင်္ဂလားဒေ့ရှ်သို့သွားရောက်သည့် Go-and-Talk ခရီးစဉ် (၂) ကြိမ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်သည့် မျက်မြင်စစ်ဆေးခြင်း ခရီးစဉ် (၂) ကြိမ်၊ Pilot Project အတွက် ပြင်ဆင်ထားမှုကို သံတမန်များအားပြသသည့် ခရီးစဉ် (၂) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာအစိုးရမှ စိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများကို ၎င်းတို့၏ဆန္ဒအလျောက်၊ လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း စိတ်ဓာတ်အပေါ် အခြေခံ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံအကြား ဖြေရှင်းရမည့်ကိစ္စဖြစ်ပြီး၊ နိုင်ငံတကာပြဿနာအဖြစ် လွဲမှားစွာပုံဖော်နေမှုအပေါ် စိတ်မသက်မသာဖြစ်ရပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများနှင့်လည်း အပြုသဘော ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၌ နေထိုင်ခဲ့ဖူးကြောင်း စိစစ်ပြီးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်စွန့်ခွာသူများကို ရခိုင်ပြည်နယ်၏ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက မြန်မာနိုင်ငံအနေဖြင့် ညှိနှိုင်းကာ ပြန်လည်လက်ခံသွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်

# ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်ကို တိုင်းဒေသကြီး/ပြည်နယ် (၇)ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယို အစီအစဉ်များနှင့် နေ့စဉ်ထုတ် သတင်းစာများမှတစ်ဆင့် **"MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း"** နှိုးဆော်ခဲ့ပါသည်။

ယခုအခါ MCCT အစီအစဉ်၏ နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ ကောက်ယူခြင်းကိုသာ ဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့်စာရင်းကောက်ယူခြင်း လုံးဝ (လုံးဝ) မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ (Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇၊ ဘဏ္ဍာရေးနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများ စာရင်းကောက်ခံခြင်းအဆင့် ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄




စက်မှုနှင့်အသေးစား၊အငယ်စား၊အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (YRYEA) ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်တွင်းရှိ လုပ်ငန်းရှင်များ ဒီဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာများအသုံးပြုနိုင်ရေး၊ ဈေးကွက်ရရှိရေး၊ နည်းပညာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ စက်မှုလုပ်ငန်းနှင့် MSME များအတွက် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်လုပ်သားများလေ့ကျင့်မွေးမြူရေး၊ MSME များ စတင်ထူထောင်လုပ်ကိုင်မည့် လုပ်ငန်းရှင်များအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်နေမှု၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည့် MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ရေး၊ MSME များတွင် လူငယ်စွန့်ဦးတီထွင်သူများ ပိုမိုပါဝင်နိုင်ရေး၊ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်အမယ်သစ်များထုတ်လုပ်နိုင်ရေး၊ ပိုမိုအရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး၊ ထုပ်ပိုးမှုစနစ်များ ကောင်းမွန်စေရေးတို့အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်များတွင် ပူးပေါင်းပါဝင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်သောကြောင့် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဩဂုတ် ၁၄

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို အခါအားလျော်စွာထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ကြားခံလျှပ်ကူးပစ္စည်းများကို အစားထိုးလဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အဆိုပါခွဲရုံရှိ ပင်မထရန်စဖော်မာ အမှတ်(၂)အား ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၅ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ၅ နာရီကြာခန့်ဓာတ်အားပိတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ တံတားဦးမြို့နှင့် ပလိပ်မြို့တို့ရှိ ရပ်ကွက်နှင့်ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ အချိန် ၅ နာရီကြာခန့် ဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ရေဝိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့်ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြဝတီ

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြဝတီ

# သက်ရှည်ကျန်းမာဖို့ ပြည်သူအားလုံးလိုက်နာစို့

မေဇင်ဦး



ကျန်းမာခြင်းဆိုသည်မှာ ရောဂါဘယကင်းရှင်းပြီး ခန္ဓာကိုယ်ချို့ယွင်းမှုမရှိရုံမျှသာမက ကာယသုခ(ရုပ်ပိုင်းဆိုင်ရာ)၊ စိတ္တသုခ(စိတ်ပိုင်းဆိုင်ရာ)၊ မိတ္တသုခ(လူမှုရေးဆိုင်ရာ)တို့နှင့် ပြည့်စုံနေသောအခြေအနေကိုဆိုလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၁၉၄၈ ခုနှစ်တွင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ယနေ့ခေတ်တွင် ရာသီဥတုနှင့် ဂေဟစနစ်ပြောင်းလဲလာမှုများ၊ လူမှုဘဝနေထိုင်မှုပုံစံများ ပြောင်းလဲလာမှုနှင့်အတူ ကူးစက်ရောဂါအသစ်များ၊ အသစ်တဖန် ပြန်လည်ဖြစ်ပွားလာသောရောဂါများနှင့် တခြားမကူးစက်နိုင်သောရောဂါများသည် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးကို နေ့စဉ်စိန်ခေါ်မှုများအဖြစ် ပေါ်ထွက်လာလျက်ရှိပြီး ကမ္ဘာအနှံ့ရှိ လူသန်းပေါင်းများစွာ၏ ကျန်းမာရေးကိုထိခိုက်စေသည်။

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသ၌ နေထိုင်ကြသည်ဖြစ်၍ ကျေးလက်နှင့် ဝေးလံခက်ခဲသောဒေသများ၌ နေထိုင်ကြသူများအပါအဝင် ပြည်သူအားလုံးကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်းများ၊ စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်(၂)ရပ်ကိုချမှတ်ပြီး ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသမှုပေးခြင်းဟူသည့် နည်းနာ(၃)ချက်ဖြင့် စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးနည်းလမ်းဖြစ်သည့် ကျေးလက်ဒေသအောက်ခြေအထိ ကျယ်ပြန့်ထိရောက်စွာ ကျန်းမာရေးအသိပညာမြှင့်တင်ပေးခြင်းသည် အလွန်အရေးကြီးသောကဏ္ဍတစ်ခုဖြစ်သည်။

လူတိုင်းကျန်းမာရန် ကျန်းမာရေးဆိုင်ရာသတင်းအချက်လက်များကို တိကျမှန်ကန်စွာသိရှိပြီး လိုက်နာကျင့်သုံးရန် အရေးကြီးသည်။ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံသို့ လျှောက်လှမ်းရာတွင် အရေးကြီးဆုံးအချက်မှာ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံများပင်ဖြစ်သည်။ နေ့စဉ် အစားအသောက်များစားသောက်ရာတွင် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို ရွေးချယ်စားသုံးတတ်ရန်လိုအပ်သည်။ သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို လုံလောက်မျှတစွာ စားသောက်ရမည်။ အင်အားဖြစ်ထွန်းစေသော အစားအစာအုပ်စု၊ ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စုနှင့် ရောဂါကာကွယ်စေသော အစာအုပ်စုဟူသည့် အစာအုပ်စု သုံးမျိုးစလုံးပါရမည်ဖြစ်သကဲ့သို့ ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်ဓာတ်များနှင့်ရေ စသည့်အာဟာရဓာတ်ခြောက်မျိုးပါဝင်အောင်လည်း နေ့စဉ်စားသုံးရမည်။ မိမိ၏အသက်အရွယ်၊ အလုပ်အကိုင်၊ ကျန်းမာရေးအခြေအနေပေါ် မူတည်၍ အာဟာရဓာတ်များ အမျိုးအစားစုံလင်ပြီး ပမာဏအားဖြင့်လည်း လုံလောက်မျှတအောင် စားသုံးရမည်။ ဥပမာ- ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူး၊ တိရစ္ဆာန်မှရသော အစာ၊ ပဲအမျိုးမျိုး၊ ဗီတာမင်-A ပါဝင်သော အသီးအရွက်နှင့် သစ်သီးဝလံများကို မိမိတို့နေထိုင်ရာဒေသအလိုက် ဒေသထွက်အာဟာရဖြစ်စေသော အစားအစာများကို စုံလင်အောင်စားသုံးသင့်သည်။ မိမိတို့စားသုံးမည့်အစားအစာများ သန့်ရှင်းရေးသည် အလွန်အရေးကြီးသည့်အတွက် အစားအစာ ချက်ပြုတ်သောအခါတွင် လက်ကို စနစ်တကျ ဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးကြောရမည်။ အစားအစာသန့်ရှင်းရေး၊ သောက်သုံးရေသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ယင်လုံအိမ်သာသုံးစွဲရေးတို့သည် ကျန်းမာရေးအခြေခံကောင်းမွန်ရန် အဓိကကျသော သော့ချက်များဖြစ်သည်။

ယနေ့ခေတ်အခါကာလတွင် အသင့်စားအစားအသောက်မျိုးစုံပေါ်လာပြီး လွယ်လင့်တကူ ဝယ်ယူစားသောက်ကြခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်မူးယစ်စေသောအရာများ သုံးစွဲခြင်း၊ အရက်သေစာအလွန်အကျွံသောက်သုံးခြင်း၊ ဓာတုဆေးဝါးများပါဝင်သော အချိုရည်များသောက်သုံးခြင်းနှင့် ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများစားသုံးခြင်းတို့ကြောင့် လူသားတို့၏ကျန်းမာရေးကို လွန်စွာထိခိုက်စေသည်။

> **အစားအစာများကို ကျန်းမာရေးနှင့်ညီညွတ်စွာစားသုံးခြင်းသာမက ကျန်းမာစေရန် နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းသည် အလွန်အရေးကြီးသည်။ တစ်ရက်လျှင် အနည်းဆုံးနာရီဝက်ခန့် တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် လေ့ကျင့်ခန်းလုပ်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း ပြောကြားထားသည်။ အကောင်းဆုံးနှင့် ငွေကုန်ကြေးကျမရှိသောလေ့ကျင့်ခန်းမှာ ခပ်သွက်သွက် လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ တစ်ရက်လျှင် အနည်းဆုံး ခြေလှမ်းပေါင်း ၆၀၀၀ ခန့် လျှောက်ရန်လိုအပ်သည် . . .**

အစားအစာများကို ကျန်းမာရေးနှင့်ညီညွတ်စွာစားသုံးခြင်းသာမက ကျန်းမာစေရန် နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းသည် အလွန်အရေးကြီးသည်။ တစ်ရက်လျှင် အနည်းဆုံးနာရီဝက်ခန့် တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် လေ့ကျင့်ခန်းလုပ်ရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း ပြောကြားထားသည်။ အကောင်းဆုံးနှင့် ငွေကုန်ကြေးကျမရှိသော လေ့ကျင့်ခန်းမှာ ခပ်သွက်သွက် လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ တစ်ရက်လျှင် အနည်းဆုံး ခြေလှမ်းပေါင်း ၆၀၀၀ ခန့် လျှောက်ရန်လိုအပ်သည်။ လမ်းလျှောက်ခြင်းသည် နှလုံးကျန်းမာရေးကို အထောက်အကူပြု၍ ခန္ဓာကိုယ်အချိုးအစားကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့် အဝလွန်ရောဂါကို ကာကွယ်နိုင်သည်။

Health is wealth (ကျန်းမာခြင်းသည် ချမ်းသာခြင်း)ဆိုသည့်အတိုင်း လူတိုင်းကျန်းမာစေရန် အလွန်အရေးကြီးသည်။ ယနေ့ခေတ်၌ လူသားတို့ကိုခြိမ်းခြောက်နေသောရောဂါများတွင် ကူးစက်ရောဂါများသာမက မကူးစက်နိုင်သောရောဂါများ (Non Communicable Diseases-NCDs) လည်း ပါဝင်လာသည်။ ထိုရောဂါများသည် များသောအားဖြင့် အသက် ၄၀ ကျော်အရွယ်များတွင် အဖြစ်များသည်။ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်ရောင်ရောဂါနှင့် ကင်ဆာရောဂါများအဖြစ်များပြီး မိမိတို့၏မကျန်းမာသော လူနေမှုဘဝပုံစံနှင့် NCDs ရောဂါများသည် များစွာဆက်စပ်နေသည်။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် နောက်ဆက်တွဲအနေဖြင့် သွေးတိုး၊ ဆီးချို အစရှိသောရောဂါများ အဖြစ်များလာခြင်းဖြစ်သည်။

အဆိုပါရောဂါများသည် မိမိတို့၏ ကာလကြာရှည်စွာ နေထိုင်ကျင့်သုံးခဲ့သည့် နေထိုင်မှုပုံစံများကြောင့် ဖြစ်ပွားလာရသည်ကိုသိရှိ၍ ဤအရာများကို တဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲပေးရမည်။ ဆိုဒီယမ်ပါသည့်အစားအစာများကိုလည်း ရှောင်ရမည်။ ဆိုဒီယမ်ဟုဆိုသည်နှင့် ဆားကိုသာ ယိုးစွပ်ကြပြီး အမှန်တကယ်တွင် အသင့်စားအစားအစာအားလုံးနီးပါးနှင့်အတူ အချိုမှုန့်၊ ကြက်သားမှုန့်၊ ငါးပိ၊ ငါးခြောက် စသည်တို့တွင် ဆိုဒီယမ်ဓာတ်များ ပါဝင်နေသည့်အတွက် သတိပြုသင့်သည်။ ထိုကဲ့သို့နေထိုင်စားသောက်မှုပုံစံများကို ပြောင်းလဲလိုက်သည်နှင့်အတူ NCDs ဟု ခေါ်သော ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် မကူးစက်နိုင်သောရောဂါများသည်လည်း လျော့ပါးလာမည်ဖြစ်သည်။

စိတ်ပျိုမှကိုယ်နုဆိုသည့်အတိုင်း မိမိစိတ်ကို အကောင်းဆုံးဖြစ်အောင်ထားရန်လည်းလိုအပ်သည်။ ထို့ကြောင့် စိတ်ဖိစီးမှုနည်းစေရန် တရားထိုင်ခြင်း၊ မိမိကြိုက်နှစ်သက်ရာ သီချင်းများနားထောင်ခြင်း၊ မိမိဝါသနာပါသောအရာများကို ဆောင်ရွက်ခြင်းအားဖြင့် စိတ်ဖိစီးမှုလျော့နည်းစေနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် (Sustainable Development Goals-SDG Goals) တွင် ပြည်သူတို့၏ ကျန်းမာသော မျှော်မှန်းလူ့သက်တမ်း မြင့်မားစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်၍ ကျန်းမာစွာ ပြုမူနေထိုင်ရမည့်အချက်များကို လိုက်နာကျင့်ကြံမည်ဆိုပါက ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ကြမည်ဖြစ်သည်။ အာရောဂျံ ပရမံ လာဘံ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟူသည့်ဆိုရိုးစကားအတိုင်း ကျန်းမာခြင်းနှင့်ပြည့်စုံရန် သက်ရှည်ကျန်းမာဖို့ ပြည်သူအားလုံးလိုက်နာစို့ဟူ၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဒဂုံ(တောင်ပိုင်း)မြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(တောင်ပိုင်း)မြို့နယ်၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဩဂုတ်လ ၁၃ ရက်က သက်ဆိုင်ရာဌာနများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများကို ဒဂုံ(တောင်ပိုင်း) မြို့နယ်အတွင်းရှိ (၁၈) ရပ်ကွက်၊ (၁၉) ရပ်ကွက်၊ (၂၄) ရပ်ကွက်၊ (၂၅) ရပ်ကွက်၊ စည်ပင်လမ်းနှင့် မြိတ်လမ်းတို့ရှိ လက်သုပ်ဆိုင်များနှင့် ဈေးဆိုင်များ၌ သောက်သုံးရေနှင့် ဆိုင်ခန်းနေရာများ၌ ရောဂါပိုးမွှားများ ကူးစက်ပျံ့နှံ့မှုလျော့နည်းစေရေးအတွက် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဈေးရောင်းဈေးဝယ်ပြည်သူများအား ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ၊ ရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရေးနည်းလမ်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးအသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးကြပ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးလင်းထူး ဦးဆောင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ ဒဂုံ(တောင်ပိုင်း) မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

နေမျိုးအောင်(ပြန်/ဆက်)

# ချမ်းအေးသာစံမြို့နယ်၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



ချမ်းအေးသာစံ ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသော ခရိုင်အဆင့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ဩဂုတ်လ ၁၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအသီးသီးတွင် အကဲဖြတ်အမှတ်ပေးခဲ့သည့် ဒိုင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲအသီးသီးမှ တစ်ဦးချင်းထူးချွန်ဆုရရှိသူများ၊ ပထမဆုနှင့် ဒုတိယဆုရရှိသူများကို တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ခရိုင်အဆင့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် အမျိုးသား၊ အမျိုးသမီးစုစုပေါင်း ၁၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများသို့ ပြိုင်ပွဲဝင်အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ချမ်း/စံ)

# တောင်ငူမြို့နယ်၌ ကျေးရွာရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

တောင်ငူ ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကင်းဆိပ်ကျေးရွာအုပ်စု ဘော်နှင်းကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ဩဂုတ်လ ၁၄ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဘော်နှင်းကျေးရွာ၌ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်စနစ်သုံး ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တာဝန်ရှိသူများကို ဆောင်ရွက်ပြီးရေရရှိရေးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ပိုင်းဝန်းထိန်းသိမ်းပေးကြရန်ဆွေးနွေးပြောကြားသည်။

တောင်ငူမြို့နယ် ဘော်နှင်းကျေးရွာ၌ အချင်း ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိသော တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ ၂၄၀၀ ဂါလန်ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်စနစ်သုံး 3HP ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို မေလ ၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် သန့်ရှင်းသောသောက်သုံးရေကို ဖူလုံစွာရရှိနေပြီဖြစ်ကြောင်းသိရသည်။

ချို့လေး

# ငဖဲမြို့နယ်၌ မိုးစပါး ဧက ၇၇၀၀ ကျော် စိုက်ပျိုးပြီးစီး



ငဖဲ ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ဒေသတွင်းဆန်စပါးဖူလုံစေရေးအတွက် မိုးစပါးစိုက်ပျိုးရန် ၁၀၃၇၃ ဧက လျာထားခဲ့ရာ ယနေ့ထိ ၇၇၅၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးပြီးစီးသည့်စပါးမျိုးကွဲအလိုက် စိုက်ဧကမှာ မနောသုခ ၈၆၈ ဧက၊ ဆင်းသုခ ၁၀၄၁ ဧက၊ အောင်နိုင်တိုး ခြောက် ဧက၊ ရောမင်း ၅၃၅၃ ဧက၊ ကောက်ညင်း ဧက ၃၀ နှင့် တောင်ယာ ၄၅၅ ဧက စိုက်ပျိုးပြီးစီးခဲ့သည်။ ထို့နောက် ဒေသခံတောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်သည့်စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးကြသည်။

ငဖဲမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးရာသီတွင် အထွက်နှုန်းကောင်းမွန်သောစပါးမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သွင်းအားစုပစ္စည်းများ၊ သီးနှံမျိုးစေ့များကူညီပံ့ပိုးပေးသည်။

စားရေရိက္ခာ ဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မြန်မာနိုင်ငံအတွက်ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်အတိုင်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

## စာ ကဗျာဖြင့်

❐ သဘာဝရှိ လုံးစုံများက
အလှတရားတို့ကြွယ်။
အနုပညာ စိတ်ထားကောင်းနဲ့
ပေါင်းစပ်စီခြယ်။
အထူးဖြင့် လှတော့တယ်
အများရယ် မက်မောကြ။
ပီတိဖြာ ရင်မှာထူးတော့
ကြည်နူးဆင့်မှု။

❐ လူတို့ရယ် ဆိုစကားက
သကာပျားသို့ချို။
ကြားရသူ ပီတိဖြစ်လို့
အနှစ်ဟုဆို။
ရေးသားကြ စာလုံးအထိုထို
ဖတ်သူကို ရင်ဝယ်ထိ။
စကားအရာ စာလုံးများက
ထူးခြားပါဘိ။

❐ ဂုဏ် အလင်္ကာ ရသများ
အစစထား ပါဝင်သော်။
သဘာဝရယ် ပိုလှသွားလို့
ထူးခြားမှုပေါ်။
စာကဗျာလည်း ထို့အလျော်
ရေးဖွဲ့ဖော်မှုဝေထား။
နေလပမာ အကျိုးဖြစ်လို့
တိုးတက်လှစ် ကြည်နူးစရာပဲ
တည်ထူးရာ ထင်ပေါ်မပျက်တယ်
နောင်များဆက်ပွား။ ။

မောင်အောင်ဝေ(ညောင်ခြေထောက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၂၆ (စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၀၀ | မေတ္တာပို့ |
| ၃။ | ၀၇:၂၅ | နပျိုလုပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၈:၄၀ | မောင်မယ်လေးများသီချင်း |
| ၅။ | ၁၀:၁၀ | နိုင်ငံ့တကာသတင်း |
| ၆။ | ၁၁:၁၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၇။ | ၁၂:၃၀ | လေးစားအတုယူစံနမူနာ သူ့ရဲ့ကောင်းများ |
| ၈။ | ၁၃:၂၅ | မြတ်ဗုဒ္ဓ၏သာသနာ |
| ၉။ | ၁၅:၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၁၀။ | ၁၆:၅၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၁၁။ | ၁၇:၃၀ | မြန်မာ့သံစဉ်ချိုနားဝင် |
| ၁၂။ | ၁၈:၃၀ | ပြည်သူ့ကြားကပြည်သူ့စကား |

# “ရန်ကုန်မြို့မှာဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်ဖို့ ပူးပေါင်းအဖွဲ့နဲ့ရေဖြန့်ဖြူးပေးဝေနေတဲ့ မြို့နယ်တွေကိုကွင်းဆင်းပြီး နေ့စဉ်လိုက်လံကြည့်ရှုစစ်ဆေးနေပါတယ်။”

**ဒေါ်သွဲ့နိုင်ဦး**

နေပြည်တော် ဩဂုတ် ၁၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ရန်ကုန်မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသောသောက်သုံးရေများ နေ့စဉ်ဖြန့်ဖြူးပေးနေမှုများနှင့်ပတ်သက်၍ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) ဒေါ်သွဲ့နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်-



**မေး။ ။ ရန်ကုန်မြို့နေ ပြည်သူတွေ ကျန်းမာရေးနဲ့ ညီညွတ်ပြီး သန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့အတွက် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းတွေကို ရှင်းပြပေးစေချင်ပါတယ်။**

**ဖြေ။** ။ ရန်ကုန်မြို့နေပြည်သူတွေကို သန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ သောက်သုံးရေ ပေးဝေနိုင်ဖို့အတွက် ရေသန့်စင်စက်ရုံကြီးတွေရဲ့ ရေသန့်စင်စနစ်တွေမှာ ကလိုရင်းဆေးခတ်ပိုးသတ်ခြင်းလုပ်ငန်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ သတ်မှတ်စံချိန်စံညွှန်းတွေအတိုင်း ပုံမှန်ဆောင်ရွက်နေတဲ့အပြင် မိုးရာသီမှာ ဖြစ်ပွားလေ့ရှိတဲ့ ဝမ်းရောဂါကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက်လည်း အရေးပေါ်အခြေအနေမှာ ရေဖြန့်ဖြူးပေးဝေတဲ့ မြို့နယ်တွေရဲ့ ရေပေးဝေရေးကွန်ရက်အတွင်း ရေထဲမှာ ပိုးသတ်နိုင်စွမ်းရှိတဲ့ ကလိုရင်းကျန်ရှိမှု (Residual Chlorine) သတ်မှတ်ပမာဏရှိစေဖို့အတွက် Chlorine Booster Dosing (Superchlorination) ဆေးခတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။ အခု ရန်ကုန်မြို့ရဲ့မြို့နယ်အချို့မှာဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးလုပ်ငန်းတွေဆောင်ရွက်ပေးနေတာနဲ့ပတ်သက်ပြီးလည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။ အခု ရန်ကုန်မြို့မှာဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်ဖို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်တွေ၊ ဌာနမှူးတွေ၊ တိုင်းကျန်းမာရေးဦးစီးဌာနက တာဝန်ရှိသူတွေ၊ ခရိုင်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရေဖြန့်ဖြူးပေးဝေနေတဲ့ မြို့နယ်တွေကို ကွင်းဆင်းပြီး ရေဖြန့်ဖြူးပေးဝေရေး ပိုက်လိုင်းကွန်ရက်အတွင်း Chlorine Booster Dosing ခတ်မှုအခြေအနေကိုလည်း နေ့စဉ်လိုက်လံကြည့်ရှုစစ်ဆေးနေပါတယ်။ လက်ရှိရေဖြန့်ဖြူးပေးဝေရေး ပိုက်လိုင်းကွန်ရက်အတွင်း Chlorine Booster Dosing (Superchlorination) လုပ်ငန်းကို လသာမြို့နယ်မှာ ၈ နေရာ၊ လမ်းမတော်မြို့နယ်မှာ ၅ နေရာ၊ အလုံမြို့နယ်မှာ ၁ နေရာ၊ ပုဇွန်တောင်မြို့နယ်မှာ ၁ နေရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှာ ၁ နေရာ၊ ကျောက်တံတားမြို့နယ်မှာ ၂ နေရာ၊ ပန်းဘဲတန်းမြို့နယ်မှာ ၂ နေရာနှင့် ဒဂုံမြို့နယ်မှာ ၁ နေရာ စုစုပေါင်း ၂၁နေရာမှာ ဆောင်ရွက်နေပါတယ်။



**မေး။ ။ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ရန်ကုန်မြို့အတွင်း ဖြန့်ဖြူးပေးနေတဲ့ သောက်သုံးရေ လေ့လာဆန်းစစ်မှုကဏ္ဍနဲ့ပတ်သက်ပြီး သိချင်ပါတယ်။**

**ဖြေ။** ။ Chlorine Booster Dosing (Superchlorination) ဆောင်ရွက်မှုကြောင့် ရေဖြန့်ဖြူးပေးဝေရေးကွန်ရက်အတွင်း Residual Chlorine ပါဝင်မှုကို လေ့လာဆန်းစစ်နိုင်ဖို့အတွက် ရေနမူနာရယူပြီး ရေအရည်အသွေးတိုင်းတာကာစောင့်ကြည့်လေ့လာမှုတွေ ဆောင်ရွက်နေတာမှာ မူလကလည်း Residual Chlorine အထိုက်အလျောက်ရှိလို့ ထွက်ပေါ်လာတဲ့ အဖြေအရ သင့်လျော်မှုရှိတာကိုတွေ့ရပါတယ်။

**မေး။ ။ ရန်ကုန်မြို့တော်သူ၊ မြို့တော်သားတွေကို အကြံပြုစရာရှိရင်လည်းဖြည့်စွက်ပြောပေးပါ။**


**ဖြေ။** ။ ရေသုံးစွဲသူ မိဘပြည်သူတွေ အနေနဲ့ သောက်သုံးရေကို သန့်ရှင်းစွာ ထိန်းသိမ်းထားသိုပြီး စနစ်တကျ အသုံးပြုခြင်း၊ ကျန်းမာရေးအသိ၊ သတိနဲ့ နေထိုင်စားသောက်ခြင်းဖြင့် ရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်သင့်ပါကြောင်း အကြံပြုပြောကြားလိုပါတယ်။

**သတင်းအဖွဲ့**

**⊃ ကျောဖုံးမှအဆက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ်ကုန်းတွင်းပိုင်းဒေသများတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားပါသည်။ မိုးကြီးမည့် သတိပေးချက်နှင့်ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ **(မိုး/ဇလ)**

## ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၄

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၇၈ စင်တီမီတာကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂၅ စင်တီမီတာခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**


## Digital Smart မီတာအသစ်များကို Website မှလျှောက်ထားရာတွင် ပေးသွင်းရမည့် နှုန်းထားများအား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငွေးရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ Digital Smart မီတာအသစ်များကို Website မှတစ်ဆင့်လျှောက်ထားရာ၌ ဌာနမှ သတ်မှတ်ချက်ဖြင့် ကိုက်ညီသောလျှောက်ထားမှုများအတွက် သတ်မှတ်ကြေးပေးသွင်းရာတွင် ကြိုးကြပ်ခ၊ မီးသွယ်ခ၊ မီးဆက်ခအပါအဝင် ပေးသွင်းရမည့်နှုန်းထားသည် ယခင်အတိုင်းပြောင်းလဲခြင်းမရှိဘဲ အောက်ပါအတိုင်းပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | အိမ်သုံးမီတာ | - | ၂၅၀,၀၀၀ ကျပ် |
| (ခ) | အိမ်သုံးပါဝါမီတာ (10 kW) | - | ၁,၀၀၀,၀၀၀ ကျပ် |
| (ဂ) | အိမ်သုံးပါဝါမီတာ (20 kW) | - | ၁,၂၃၀,၀၀၀ ကျပ် |
| (ဃ) | အိမ်သုံးပါဝါမီတာ (30 kW) | - | ၁,၄၆၀,၀၀၀ ကျပ် |
| (င) | စက်မှုသုံးပါဝါမီတာ (10 kW) | - | ၁,၀၇၇,၅၀၀ ကျပ် |
| (စ) | စက်မှုသုံးပါဝါမီတာ (20 kW) | - | ၁,၃၈၂,၅၀၀ ကျပ် |
| (ဆ) | စက်မှုသုံးပါဝါမီတာ (30 kW) | - | ၁,၆၈၇,၅၀၀ ကျပ် |

၃။ သိရှိလိုသည်များမေးမြန်းလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (ရုံးချုပ်) - ၀၆၇-၃၄၁၀၄၆၀

(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)-၁၇၁၇

(ဂ) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) -၁၆၁၆
၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)

(ဃ) ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇
၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**




တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၅) မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၅)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်စဉ်။

အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၅) မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်စဉ်။



အရှေ့မြောက် တိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၅)မှ ဆုရသင်တန်းသား တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။





နေပြည်တော် တိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၅)မှ ဆုရသင်တန်းသား တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင် တိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၅)မှ ဆုရသင်တန်းသား တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ရန်ကုန် တိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲ ကျင်းပစဉ်။





တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲကျင်းပစဉ်။

▼ **ရှေ့ဖုံးမှအဆက်**

ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများအသီးသီးပြောကြားကြပြီးသင်တန်းဆင်းထူးချွန်ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည် အဖွဲ့အစည်းဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိခဲ့ကြပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်အပြည့်အဝဖြင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ **စာမျက်နှာ ၁၂ သို့** ▼



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ၊ ရတနာတန်းဝင် သစ်မျိုးပေါင်း ၁၀၀၀ စုစုပေါင်းအပင် ၂၅၀၀ စိုက်ပျိုးနိုင်ခဲ့

ရန်ကုန် ဩဂုတ် ၁၄

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ကျင်းပခဲ့ပြီး ရတနာတန်းဝင် သစ်မျိုးပေါင်း ၁၀၀၀ စုစုပေါင်း အပင်၂၅၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်၊

အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ပျိုးပင်များကိုပါမောက္ခချုပ်နှင့် သင်တန်းသားကိုယ်စားလှယ်များထံပေးအပ်၍ သတ်မှတ်နေရာ၌ ရတနာတန်းဝင် ပျဉ်းကတိုးပင်ကို စိုက်ပျိုးပေးခဲ့ပြီး အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့ပြင် တက္ကသိုလ်၌ မွေးမြူထားသော အသားတိုးဝက်၊ အသားစားကြက်၊ ဥစားကြက်မွေးမြူရေးလုပ်ငန်းနှင့် ရာသီသီးနှံစိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြဝတီ

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပလောက်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ရှေ့တန်းပြန်တပ်မတော်သားများအား ကြိုဆိုစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဒိုင်းဆုရရှိသည့် ဥတ္တရသီရိတပ်နယ်ကိုယ်စားပြုအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား/ အမျိုးသမီး) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိအားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ပြုလုပ်ရာ အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် ဥတ္တရသီရိတပ်နယ်ကိုယ်စားပြုအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့်ငွေသားဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း (အမျိုးသား/ အမျိုးသမီး) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၆ သင်းနှင့် အမျိုးသမီးအသင်း ၆ သင်းတို့ဖြင့် ဩဂုတ်လ ၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

▼ စာမျက်နှာ ၁၁ မှအဆက်

ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၅)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့ တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော်ရခဲ့တဲ့ဆုကတော့ စစ်ရေးပြထူးချွန်ဆုဖြစ်ပါတယ်။ ဒီဆုကိုရဖို့ဆိုတာကတော့ သင်တန်းကသင်ပေးတဲ့ နည်းပြဆရာတွေသင်ပေးတာကို ကျွန်တော်တို့ သေချာလိုက်နာပြီး အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့ကြိုးစားပြီး ဒီဆုကိုယူခဲ့တာဖြစ်ပါတယ်။ ဒီစစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းလိုက်တာကောင်းပါတယ်ဗျ။ တခြားနိုင်ငံတွေမှာလည်း ကိုယ့်နိုင်ငံကိုကာကွယ်ဖို့အတွက် ပြည်သူတစ်ယောက်အနေနဲ့ လုပ်ဆောင်နေတဲ့ အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာလည်း လူငယ်တွေက နိုင်ငံကိုကာကွယ်ဖို့အတွက် အခွင့်အရေးတစ်ခုပေးလိုက်တဲ့ ပုံစံမျိုးပါပဲ။ သင်တန်းဆင်းခဲ့ကြတဲ့ ညီအစ်ကိုတွေဆိုရင် ကျွန်တော်တို့ဒီမှာသုံးလတာကာလ အတူတူဖြတ်သန်းခဲ့ပြီး နောက်ထပ်ကျန်တဲ့ နှစ်နှစ်မှာတော့ တပ်ရင်းဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် ဘယ်နေရာဘယ်ဒေသရောက်ရောက် ကျန်းမာရေးဂရုစိုက်ဖို့၊ အစစအရာရာ အားလုံးဂရုစိုက်ဖို့အတွက်



မှာချင်ပါတယ်။ ကျွန်တော် ဒီသင်တန်းဆင်းပြီးပြီဆိုတော့ တပ်ရင်းဌာနတွေရောက်ရင် အထက်ကပေးလာတဲ့ အမိန့်နဲ့ တာဝန်ကို ကောင်းကောင်းမွန်မွန်နဲ့ ကျွန်တော် ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်။ နိုင်ငံတော်နဲ့ တပ်မတော်က အားကိုးအားထားပြုရတဲ့ စစ်သားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်လို့ ကျွန်တော်ခံယူထားပါတယ်"ဟု ပြောသည်။

"ကျွန်တော်ရရှိတဲ့ဆုကတော့လက်ဖြောင့်တပ်သားဆုပါ။ နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ မိမိတာဝန်ကိုကျေပွန်ချင်တာလည်း အဓိကပါတာပေါ့နော်။ အတွေ့အကြုံတွေကတော့ အများကြီးပဲခင်ဗျ။ သင်တန်းဆိုတော့ ကျွန်တော်တို့မျိုးစုံကြုံရတာပေါ့။ စိတ်ဓာတ်စည်းကမ်းနဲ့ပတ်သက်လို့ကတော့ကောင်းပါတယ်။ အချိန်ကိုလေးစားတတ်လာတယ်။ အများနဲ့အညီယှဉ်တွဲပြီးတော့မှ လုပ်ဆောင်တတ်လာတယ်။ အချင်းချင်းနားလည်မှုတွေ၊ စာနာမှုတွေ၊ အတူတူ ဘယ်လိုစုပေါင်းချီတက်ကြမလဲ အဓိကက အဲ့ဒါတွေလည်းအရေးကြီးပါတယ်။ ကျွန်တော်သင်တန်းကဆင်းပြီးရင်တော့ မိမိကျရာတာဝန်ကို အရင်ဆုံး ကျေပွန်အောင်ထမ်းဆောင်မယ်။ နှစ်နှစ်ဆိုတဲ့ အချိန်ကာလဏပါပဲ။ ဒီကာလတွေကျော်လွန်ပြီးဆုံးသွားပြီဆိုရင်တော့ မိမိလိုချင်တဲ့



ပန်းတိုင်တွေဖြစ်တဲ့ ပြည်တွင်းကဌာနအလုပ်တွေမှာပဲဝင်မလား၊ လုပ်ငန်းမျိုးစုံနဲ့ မိမိသွားလိုတဲ့နေရာတွေကို လွယ်လွယ်ကူကူနဲ့ သွားလို့လာလို့ရပြီပေါ့။ နိုင်ငံအတွက် မိမိတာဝန်တစ်ခုလည်း ထမ်းဆောင်ပြီးခဲ့သလို မိမိလိုချင်တဲ့၊ သွားချင်တဲ့နေရာကိုလည်းသွားနိုင်ပြီ။ ကိုယ်တတ်နိုင်တဲ့ဘက်ကနေပြီးတော့ တာဝန်ကိုထမ်းဆောင်ပြီးသွားပြီဆိုရင် စိတ်သက်သောင့်သက်သာနဲ့ အိမ်ပြန်လို့ရပြီပေါ့နော်"ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြို့ပြကျန်းမာရေးနှင့် ဝမ်းရောဂါအန္တရာယ်



စနစ်တကျလက်ဆေးရန် လိုအပ်ပုံ။

ယနေ့ခေတ် မြို့ကြီးပြကြီးများတွင် နေထိုင်ကြသော ပြည်သူများသည် စီးပွားရေး၊ ပညာရေးနှင့်လူမှုရေးကိစ္စရပ်များဖြင့် နေ့စဉ်နှင့်အမျှ အလုပ်များနေကြသည်။ သို့သော် ထိုသို့တိုးတက်နေသော မြို့ပြအဆောက်အအုံများ၏ နောက်ကွယ်တွင် မမြင်ရသော ရန်သူတစ်ခုဖြစ်သည့် ကူးစက်ရောဂါများ၏ အန္တရာယ်က အမြဲတမ်းခြိမ်းခြောက်လျက်ရှိသည်။ မကြာသေးမီက ဒေသအချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကာလဝမ်းရောဂါများ ပြန်လည်ခေါင်းထောင်လာခြင်းသည် မြို့ပြနေပြည်သူများအတွက် ကြီးမားသော သတိပေးခေါင်းလောင်းသံတစ်ခုဖြစ်လာခဲ့သည်။ မြို့ပြတစ်ခု ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် ဆေးရုံ၊ ဆေးခန်းများ များပြားနေရုံဖြင့် မလုံလောက်ပါ။ နေ့စဉ် ရှူရှိုက်နေသော လေ၊ သောက်သုံးနေသော ရေ၊ စားသောက်နေသော အစားအစာများနှင့် စွန့်ပစ်လိုက်သော အမှိုက်များအားလုံးကို စနစ်တကျ စီမံခန့်ခွဲနိုင်မှသာ ကျန်းမာသော မြို့ပြပတ်ဝန်းကျင်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**ကာလဝမ်းရောဂါနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတို့၏ သဘောသဘာဝ**

ဝမ်းပျက်ဝမ်းလျှောရောဂါ (Diarrhea) သည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပွားနိုင်သော်လည်း ကူးစက်မြန်ပြီး အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်နိုင်သော ကာလဝမ်းရောဂါ(Cholera)သည် သီးသန့်ဂရုစိုက်ရမည့် ကပ်ရောဂါတစ်ခုဖြစ်သည်။ ကာလဝမ်းရောဂါသည် (Vibrio cholerae) ဟုခေါ်သော ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။

**ရောဂါကူးစက်ပုံသံသရာ (Transmission Cycle)**

အဆိုပါ ရောဂါပိုးသည် ရောဂါရှိသူ၏ မစင်(အညစ်အကြေး)မှတစ်ဆင့် ပတ်ဝန်းကျင်သို့ ရောက်ရှိသွားသည်။ သန့်ရှင်းမှုမရှိသော ယင်လုံအိမ်သာများမသုံးစွဲခြင်း၊ မိလ္လာကန်များ ပေါက်ပြဲယိုစိမ့်ခြင်းတို့မှတစ်ဆင့် မြေအောက်ရေ သို့မဟုတ် ရေမြောင်းများအတွင်းသို့ ရောဂါပိုးများ ဝင်ရောက်သွားသည်။ ထိုမှတစ်ဆင့် ယင်ကောင်များက ရောဂါပိုးကို သယ်ဆောင်ကာ အစားအသောက်များပေါ်သို့ နားခြင်း သို့မဟုတ် ရောဂါပိုးပါဝင်သော ညစ်ညမ်းရေကိုကျိုချက်ခြင်းမရှိဘဲ သောက်သုံးမိခြင်းတို့မှတစ်ဆင့် အခြားသူများထံသို့ လျင်မြန်စွာကူးစက်သွားခြင်းဖြစ်သည်။

**ရောဂါလက္ခဏာနှင့် အန္တရာယ်**

ရောဂါပိုးဝင်ရောက်ပြီး နာရီပိုင်းမှ ၅ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ပြသတတ်သည်။ အဓိကလက္ခဏာမှာ ဆန်ဆေးရည်ကဲ့သို့ အရည်များ အကြိမ်ကြိမ်ဝမ်းသွားခြင်းနှင့် အန်ခြင်းတို့ဖြစ်သည်။ ခန္ဓာကိုယ်တွင်းမှ ရေဓာတ်နှင့် ဆားဓာတ်များ အချိန်တိုအတွင်း ဆုံးရှုံးသွားသဖြင့် အချိန်မီ ဆေးဝါးမကုသပါက အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်။ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် ရေဓာတ်ခန်းခြောက်မှုဒဏ်ကို ပိုမိုခံစားရလွယ်သဖြင့် အထူးဂရုပြုရမည့် အုပ်စုဖြစ်သည်။

**ရာသီဥတုဖောက်ပြန်မှု၊ မိုးသည်းထန်ခြင်းနှင့် ကူးစက်ရောဂါသံသရာ**

မျက်မှောက်ခေတ်တွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု(Climate Change)သည် ပြည်သူ့ကျန်းမာရေးကို တိုက်ရိုက်ခြိမ်းခြောက်လာပြီဖြစ်သည်။ အထူးသဖြင့် မိုးရာသီကာလများတွင် ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေချောင်းရေများ လျှံတက်ခြင်းတို့ကြောင့် မြို့ပြများတွင် ရေကြီးရေလျှံမှု (Flooding) များ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။

ရေကြီးခြင်းသည် ဝမ်းရောဂါကူးစက်မှုကို အဆပေါင်းများစွာ မြန်ဆန်စေသော အဓိကအကြောင်းရင်းဖြစ်သည်။ ရေကြီးလာသောအခါ ရေဆိုးမြောင်းများ၊ မိလ္လာကန်များအတွင်းရှိ အညစ်အကြေးများနှင့် ရောဂါပိုးများသည် လမ်းမများပေါ်သို့ လျှံတက်လာပြီး လူနေအိမ်များ၊ ဈေးများနှင့် သောက်သုံးရေတွင်းများအတွင်းသို့ ဝင်ရောက်သွားသည်။ ဤအခြေအနေသည် ရောဂါပိုးအတွက် အကောင်းဆုံးသော ပျံ့နှံ့ရာလမ်းကြောင်း (Super-spreading pathway) ဖြစ်လာသည်။ ထို့ပြင် နွေရာသီပူပြင်းခြောက်သွေ့ချိန်တွင်လည်း ရေရှားပါးမှုကြောင့် သန့်ရှင်းသော ရေကို အလုံအလောက်မရရှိဘဲ ရေမသန့်သည်များကို သုံးစွဲရသဖြင့် ဝမ်းရောဂါများဖြစ်ပွားတတ်ပြန်သည်။ ထို့ကြောင့်ရာသီဥတုအခြေအနေနှင့် ရောဂါဖြစ်ပွားမှုသည် အလွန်တိုက်ရိုက်ဆက်စပ်နေပြီး မြို့ပြအုပ်ချုပ်သူများနှင့် ပြည်သူများအနေဖြင့် ရာသီဥတုအလိုက် ကြိုတင်ပြင်ဆင်မှုများ(Seasonal Preparedness)ကို မပျက်မကွက် ပြုလုပ်ထားရန် လိုအပ်သည်။

**သောက်သုံးရေ စီမံခန့်ခွဲမှု**

ဝမ်းရောဂါကို ကာကွယ်ရန် ပထမဆုံးနှင့်အရေးကြီးဆုံး တံတိုင်းမှာ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးပင်ဖြစ်သည်။ ဤအပိုင်းတွင် ရေပေးဝေရေးဌာနများသည် အဓိကတာဝန်ရှိသူများ ဖြစ်လာသည်။

**စနစ်တကျ ရေသန့်စင်ခြင်းနှင့် ကလိုရင်းခတ်ခြင်း**

ရေလှောင်တမံများမှတစ်ဆင့် ပေးဝေသော ရေများကိုအဆင့်ဆင့်သန့်စင်ရမည်ဖြစ်သည်။ ထိုသို့သန့်စင်ရာတွင် ရောဂါပိုးများကို အထိရောက်ဆုံးသတ်ပေးနိုင်သည်မှာ ကလိုရင်း (Chlorine) ဖြစ်သည်။ သာမန်အချိန်တွင် ရေပိုက်ခေါင်းများမှ ထွက်လာသောရေတွင် ကလိုရင်း အကြွင်းအကျန် (Free Residual Chlorine – FRC) 0.2 မှ 0.5 ppm ရှိရန် လိုအပ်သော်လည်း ယခုကဲ့သို့ ဝမ်းရောဂါအန္တရာယ်ရှိသော အချိန်တွင်မူ ကလိုရင်းအကြွင်းအကျန် အနည်းဆုံး 0.4 ppm အမြဲရှိနေစေရန် တင်းကျပ်စွာ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်သည်။




မိလ္လာစုပ်ယာဉ် လုပ်ငန်းဆောင်ရွက်နေပုံ။

**ရေပိုက်လိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း**

မြို့တွင်းရှိရေပေးဝေသော ပိုက်လိုင်းများ ပေါက်ပြဲနေပါက ပြင်ပမှရေဆိုးများ အလွယ်တကူ ဝင်ရောက်နိုင်သည်။ ထို့ကြောင့် ပိုက်လိုင်းယိုစိမ့်မှုများကို အချိန်မီ ရှာဖွေပြုပြင်ခြင်း၊ ပြည်သူများမှ သတင်းပေးပို့ပါက ချက်ချင်းသွားရောက်ပြုပြင်ပေးခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်သည်။

**အမှိုက်နှင့် မိလ္လာစနစ်ကို ထိန်းချုပ်ခြင်း**

ဒုတိယအရေးကြီးသော အကာအကွယ်တံတိုင်းမှာ ပတ်ဝန်းကျင်သန့်ရှင်းရေး (Sanitation and Waste Management) ဖြစ်သည်။ အမှိုက်များနှင့် အညစ်အကြေးများကို စနစ်တကျမစွန့်ပစ်နိုင်ပါက မြို့ပြသည် ရောဂါပိုးများ ခိုအောင်းရာ အသိုက်အမြုံကြီးတစ်ခု ဖြစ်လာမည်ဖြစ်သည်။

**အမှိုက်သိမ်းဆည်းရေးနှင့် ရေမြောင်းများ ရှင်းလင်းရေး**

စွန့်ပစ်အမှိုက်များကို နေ့စဉ်ပုံမှန်သိမ်းဆည်းပေးရန် လိုအပ်သကဲ့သို့ ပြည်သူများကလည်း သတ်မှတ်ထားသော နေရာများတွင်သာ အမှိုက်များကို စွန့်ပစ်ရပါမည်။ ပလတ်စတစ်အိတ်များနှင့် အမှိုက်များကို လမ်းဘေးရေမြောင်းများအတွင်းသို့ ပစ်ချခြင်းသည် ရေမြောင်းများကို ပိတ်ဆို့စေပြီး ရေကြီးရေလျှံမှုကို ဖြစ်ပေါ်စေရုံသာမက ခြင်နှင့် ယင်ကောင်များ ပေါက်ပွားမှုကိုပါ အားပေးရာရောက်သည်။ ထို့ကြောင့် ရေမြောင်းများ တူးဖော်ရှင်းလင်းခြင်းကို မိုးမကျမီကြိုတင်၍ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်သည်။

**မိလ္လာစနစ်ကို စနစ်တကျကြီးကြပ်ခြင်း**

အိမ်ရာအသစ်များ တည်ဆောက်ရာတွင် မိလ္လာကန်(Septic Tank)များကို စံချိန်စံညွှန်းနှင့်အညီ ရေလုံအောင် တည်ဆောက်ထားခြင်း ရှိ/မရှိကို တင်းကျပ်စွာ စစ်ဆေးရမည်ဖြစ်သည်။ ပြည့်နေသော မိလ္လာများကို စုပ်ယူရှင်းလင်းသည့် ဝန်ဆောင်မှုများကို အမြန်ဆုံးနှင့် အလွယ်တကူရရှိအောင် စီစဉ်ပေးထားရမည်ဖြစ်ပြီး တရားမဝင်ရေဆိုးစွန့်ပစ်မှုများကို ပြင်းထန်စွာအရေးယူရပါမည်။

**ဈေးများနှင့် လမ်းဘေးစားသောက်ဆိုင်များ ကြပ်မတ်ခြင်း**

ဝမ်းရောဂါသည် အစားအသောက်မှတစ်ဆင့် အများဆုံး ကူးစက်လေ့ရှိရာ မြို့ပြ၏ ဈေးများနှင့် စားသောက်ဆိုင်များသည် ရောဂါကူးစက်မှုအတွက် အဓိကဖြတ်သန်းရာ လမ်းကြောင်းများ ဖြစ်လာသည်။

**ဈေးများအတွင်း သန့်ရှင်းရေး**

စည်ပင်သာယာပိုင် ဈေးကြီးများတွင် အသား၊ ငါးနှင့်ဟင်းသီးဟင်းရွက် ရောင်းချသည့်နေရာများကို နေ့စဉ်ရေဆေးကြောခြင်း၊ အမှိုက်များကို အချိန်မီရှင်းလင်းခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ဈေးသူဈေးသားများအနေဖြင့်မိမိတို့ရောင်းချသော အစားအစာများကို ယင်ကောင်မနားစေရန် ဖုံးအုပ်ထားရှိရေးကို ဈေးတာဝန်ခံများက အထူးကြပ်မတ်စစ်ဆေးရမည်ဖြစ်သည်။ အများသုံးအိမ်သာများကို သန့်ရှင်းစွာထားရှိပြီး လက်ဆေးဆပ်ပြာများ အလုံအလောက်ထားရှိပေးရမည်။

**လမ်းဘေးစားသောက်ဆိုင်များ (Street Food)**

လမ်းဘေးတွင် ရောင်းချသော အစားအသောက်များသည် ပြည်သူများ အလွယ်တကူ ဝယ်ယူစားသောက်နိုင်သော်လည်း သန့်ရှင်းမှုအားနည်းပါက အလွန်အန္တရာယ်များသည်။ တာဝန်ရှိသူများသည် လမ်းဘေးစားသောက်ဆိုင်များကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်း၊ ရောင်းချသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး (အထူးသဖြင့် လက်ကိုဆပ်ပြာဖြင့်ဆေးရန်)နှင့် သန့်ရှင်းသော သောက်သုံးရေကိုသာ အသုံးပြုရန် ပညာပေးခြင်းများကို ပြုလုပ်ရပါမည်။ ယင်လုံအောင် မဖုံးအုပ်ထားသောဆိုင်များကို သတိပေးအရေးယူခြင်းများ ပြုလုပ်မှသာ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။

**ရောဂါကွင်းဆက်ကို ဖြတ်တောက်မည့် ပြည်သူလူထု၏ အခန်းကဏ္ဍ**

မည်မျှပင် ကောင်းမွန်သော မြို့ပြစီမံခန့်ခွဲမှုစနစ် ရှိစေကာမူ ပြည်သူလူထုတစ်ဦးချင်းစီ၏ ကိုယ်တိုင်လိုက်နာကျင့်သုံးမှု မရှိပါက ကူးစက်ရောဂါကို တားဆီးနိုင်မည်မဟုတ်ပေ။ ပြည်သူများအနေဖြင့် အောက်ပါ အခြေခံအချက်(၃)ချက်ကို တိကျစွာ လိုက်နာရန် လိုအပ်ပါသည်–

(က) ရေကို ကျိုချက်သောက်သုံးခြင်း။ အပြင်မှဝယ်ယူသော ရေသန့်ဘူးများဖြစ်စေ၊ စည်ပင်မှပေးဝေသောရေဖြစ်စေ ရောဂါဖြစ်ပွားနေချိန်တွင် ရေကိုပွက်ပွက်ဆူအောင်ကျိုချက်ပြီးမှသာ သောက်သုံးသင့်သည်။ **စာမျက်နှာ ၁၄ သို့** ■

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၄

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိနယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

⇛ **ရှေ့ဖုံးမှအဆက်**

လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ဖွဲ့စည်းပုံနှင့်တာဝန်များ၊ ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လိုအပ်ချက်များအား မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူများ၏ဆန္ဒအား ဖြည့်ဆည်းပေးနိုင်ရေး လွှတ်တော်မှဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာစွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အာဆီယံပါလီမန်များညီလာခံ (AIPA)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

Belaya Rus ပါတီ ဥက္ကဋ္ဌ Ms. Olga Chemodanova က ဘယ်လာရုစ်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်အားထားရသည့်မိတ်ဆွေနိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်နိုင်ရေးအတွက် မိမိတို့ပါတီပိုင်းအနေဖြင့် ကူညီဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးလှသိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **မြဝတီ**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဧရာဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အလှူငွေပေးအပ်လှူဒါန်း



ရန်ကုန် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပုသိမ်မြို့အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားပြိုင်ပွဲရုံ(၂)၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌဦးဝဏ္ဏဦးဆောင်သောအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ အား ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဦးစိုးညွှန့်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **မြဝတီ**

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၉၄ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၃၃ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နှင့်မဒေါက်မြို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ ရေကြီးမှုအခြေအနေသတင်းနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန် သွားမည်ဖြစ်ကြောင်းသိရသည်။

(မိုး/ဇလ)

## မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) ရုံးအဆောက်အအုံသစ်နှင့် တံတားသစ်ဖွင့်လှစ်



နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိအမျိုးသမီးများနှင့် ကလေးသူငယ်များ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) ရုံးအဆောက်အအုံသစ်နှင့် တံတားသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ MWCDF ရုံးချုပ်၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက အသစ်ပြန်လည်တည်ဆောက်ထားသည့် အသင်းရုံးချုပ်အဆောက်အအုံသစ်နှင့် "မေတ္တာတံတားသစ်"တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က "မေတ္တာတံတားသစ်" အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) ဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက အလှူရှင်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းကို ၂၀၁၃ ခုနှစ်မှ စတင်တည်ထောင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုတို့၌ အသင်းဝင် ၃၄၀၀ ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အသင်းတစ်သင်းဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

## ဖလမ်းခရိုင်နှင့်မြို့နယ်ရှိ ဌာနဆိုင်ရာရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

ဖလမ်း ဩဂုတ် ၁၄

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၏ အနီးကပ်ဦးဆောင်ကြီးကြပ်မှုဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဖလမ်းခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများကို ဒေသခံကုမ္ပဏီများက ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ဖလမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မြို့တော်ခန်းမပြန်လည်ပြုပြင်နေမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ကျောင်းသား၊ ကျောင်းသူများကို အာဟာရတိုက်ကျွေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ တီးတိန်မြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် မြို့တွင်းသာယာလှပရေးလုပ်ငန်းများအား အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့်ကော်မတီဝင်များသည် မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ၄ ခန်းတွဲ ၂ ထပ်အဆောက်အအုံ၊ ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံးပျက်စီးမှုကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့က မြို့မရပ်ကွက်ရှိ Dr. Vungh Suan Thang (ဝုန်ဆွမ်းထန်) လမ်းရေစီးရေလာကောင်းမွန်စေရေး မြောင်းဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လိန်တုန်လမ်းနှင့်လွီးစုလမ်းသန့်ရှင်းသာယာလှပရေး ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ တွန်းဇံမြို့ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးသည် ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဌာနဆိုင်ရာ အဆောက်အအုံများဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့နယ်ရုံး(အသစ်) ပြုပြင်ခြင်း၊ လူငယ်သင်တန်းကျောင်း၏ ကျောင်းသားအိပ်ဆောင်ပြုပြင်ခြင်း၊ လျှပ်စစ်ရုံး၏ ၄ ခန်းတွဲ ဝန်ထမ်းအိမ်ရာ ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**



**၁၄-၈-၂၀၂၆ ရက်နေ့ ခဲတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၅၀,၀၀၀)ကျပ်ဖြစ်သည်။**

**ခဲတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခရိုင်ရုံးခွဲများဖွင့်လှစ်ဆောင်ရွက်သွားမည်

ကျိုင်းတုံ ဩဂုတ် ၁၄

တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အနေဖြင့် ခရိုင်ရုံးခွဲများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးများ တိုးချဲ့ဖွင့်လှစ်ရန် နိုင်ငံတော်က "မူ"အားဖြင့် ခွင့်ပြုပြီးဖြစ်သဖြင့် ခရိုင်ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့ စည်ပင်သာယာ




ရေးရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုများကို ရိုးရင်းစွဲမူလလက်ရာကို မထိခိုက်စေရန် အထူးသတိပြုကြရန်၊ စည်းမျဉ်းများသတ်မှတ်ထားကြရန်၊ လူနည်းစု တိုင်းရင်းသားများ၏ လူမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ တိကျမှန်ကန်စွာ ပြုစုထိန်းသိမ်းထားကြရန် မှာကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဂုံရှမ်း၊ ရှမ်းကြီး၊ တိုင်းနေ၊ တိုင်းလိ၊ လွယ်၊ ပလောင်၊ 'ဝ'၊ လီဆူ၊ အားခေါ၊ အာခါ၊ အဲန်၊ ဗမာနှင့် လားဟူ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များက တိုင်းရင်းသားလူငယ်များအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်ပေးနိုင်ရေး၊ တိုင်းရင်းသားဒေသများတွင် ရိုးရာပွဲတော်များကျင်းပရာ၌ ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးနိုင်ရေး၊ ဒေသခံတိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်အတွက် ယဉ်ကျေးမှုဖလှယ်နိုင်မည့်အစီအစဉ်များ စီစဉ်ပေးရေး၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့တို့၏ အခက်အခဲများကိုဖြေရှင်းပေးရေး၊ နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည် မှားယွင်းဖော်ပြထားမှုများကိုပြင်ဆင်ပေးနိုင်ရေး၊ ဝေးလံခေါင်သီသည့် ကျေးရွာများတွင် လမ်း၊ တံတားများ ဖောက်လုပ်ပေးရေးနှင့် ပြင်ဆင်ပေးရေးတို့နှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုခွင့်ပြု



နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကိုခွင့်ပြုခဲ့သည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်နှစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ခြောက်ခုကိုလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်နှစ်ခုကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်သုံးခုကိုလည်းကောင်း၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်တစ်ခုကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၀ ဒသမ ၄၇၄ သန်းနှင့် ကျပ် ၁၁၇၈၇၃၁ ဒသမ ၈၂၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၃၆ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများမှာ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာ အကောင်အထည်ဖော်တည်ဆောက်ရောင်းချငှားရမ်းခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် ကုန်တင်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးထော်လာဂျီယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လူသုံးကုန်လျှပ်စစ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် ပလတ်စတစ်ပြားနှင့် ပလတ်စတစ်ဘူးခွံအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖိနပ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းတို့ ပါဝင်သည်။

၂၀၂၆ ခုနှစ် ဇူလိုင်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၄၈ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဟောင်ကောင် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) တို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၀၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၀ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၅ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **မြဝတီ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

(မိုး/ဇလ)

# ကျောင်းစာကြည့်တိုက်များတွင် အတန်းအဆင့်အလိုက် ကျောင်းသားများ ဖတ်ရှုလေ့လာနိုင်သည့်စာပေများထားရှိရန် မှာကြား



နေပြည်တော် ဩဂုတ် ၁၄

ကျောင်းစာကြည့်တိုက်များတွင် အတန်းအဆင့်အလိုက် ကျောင်းသားများ ဖတ်ရှုလေ့လာနိုင်သည့်စာပေများ ထားရှိရန်နှင့် စာကြည့်တိုက်အချိန်တွင် ဗဟုသုတတိုးပွားစေမည့်စာပေများကို အမှန်တကယ်ဖတ်ရှုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန်၊ စာကြည့်တိုက်ဆောင်ရွက်ရန် အခက်အခဲရှိသောကျောင်းများ၏ စာကြည့်တိုက်အချိန်တွင် အတန်းပိုင်ဆရာများက မြန်မာ့သမိုင်းနှင့်မြန်မာတို့၏ အထင်ကရခေါင်းဆောင်ကြီးများအကြောင်း၊ မြန်မာ့ပထဝီဝင်အကြောင်းတို့ကို ဗဟုသုတရအောင် မျှဝေပေးရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ပြောသည်။

ယနေ့နံနက်ပိုင်းတွင် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ နေပြည်တော်ကောင်စီနယ်မြေ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းစာကြည့်တိုက်တိုင်းတွင် မြန်မာ့မြေပုံနှင့် ကမ္ဘာ့မြေပုံများထားရှိရေး၊ ကျောင်းများ၏ ကာယချိန်တွင် အားကစားနှင့် ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေမည့် သင်ကြားသင်ယူမှုကိုအလေးထားဆောင်ရွက်ရေး၊ ကျောင်းများတွင် ဆေးလိပ်အန္တရာယ်ကင်းစင်ရေး၊ ကျောင်းကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို စိတ်ဝင်စားဖွယ်ဟောပြောတတ်သူများအား ဖိတ်ခေါ်ဆောင်ရွက်ရေး၊ ကျောင်းကျန်းမာရေး အာဟာရအတွက် အသိပညာပေးရေး၊ ဘဝတစ်သက်တာ သင်ကြားမှု Life Skill ကို ခေတ်နှင့်အညီ Update ပြုပြင်သင်ကြားရေး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးနှင့်ပတ်သက်သော ကတ်ပြား Digitalization ပြုလုပ်ပေးနိုင်ရေးနှင့် Smart School ခြောက်ကျောင်းရွေးချယ်ထားပြီး ဒီဂျစ်တယ်အင်္ဂလိပ်စာ သင်ကြားရေးနှင့် AI အသုံးပြုနည်းသင်ကြားရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရေး၊ Grade-12 အောင်ချက်မြင့်မားရေး၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအနေဖြင့် ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများကို ဆိုဆုံးမရာတွင် မေတ္တာတရားဖြင့် ဆုံးမပေးနိုင်ရေး မှာကြားသည်။

ထို့ပြင်တက်ရောက်လာသူများက တွေ့ကြုံရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရှင်းလင်းဖြေကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Press Statement on Myanmar's ongoing efforts on repatriation of displaced persons from Rakhine State

(15 August 2026, Nay Pyi Taw)

Global news media have presented different accounts of displaced persons from Rakhine State, and "the boat people" migrating to other countries, as well as those living in camps in Cox's Bazar, Bangladesh. It is observed that these reports, publications, and broadcasts are one-sided and based on misinformation and disinformation. Therefore, Myanmar wishes to clarify the true account of displaced persons from Rakhine State as follows:

The reality on the ground regarding displaced persons from northern Rakhine State was that in October and November 2016 and in August 2017, the ARSA terrorist group carried out simultaneous and coordinated attacks on police outposts and battalions in northern Rakhine State. In addition, the terrorist group carried out killings of civil servants and local ethnic people. In a defensive response, the Tatmadaw had to undertake counter-terrorism measures. As a result of the threats and attacks by the ARSA terrorist group, local ethnic people fled to other towns and villages, while a large number of Bengalis crossed over to Bangladesh.

According to the records, more than 740,000 Bengalis resided in Buthidaung, Maungdaw and Rathedaung townships in Rakhine State prior to the ARSA terrorist attacks. Following the incidents, more than 200,000 Bengalis remained in these areas whereas more than 540,000 Bengalis fled to Bangladesh. Based on these figures, the narrative referring to more than one million displaced persons from Rakhine State has been found to be inaccurate.

In order to repatriate the displaced persons, Myanmar concluded three bilateral agreements with Bangladesh within two months. In accordance with these agreements, Myanmar made necessary arrangements to receive the displaced persons on three occasions—on 23 January 2018 as agreed in the Arrangement, on 15 November 2018 as agreed at the Joint Working Group meeting, and on 22 August 2019 following notification from China and Bangladesh. However, none of the displaced persons returned to Myanmar on the three occasions.

Of the list of 828,824 displaced persons provided by Bangladesh, Myanmar had verified 426,545 individuals as of 31 July 2026. Among those verified, 308,797 individuals were found to be former residents of Rakhine State, whereas 4,241 individuals were found to have been involved in terrorist activities, while the data of 113,507 individuals could not be verified.

In light of the figures mentioned above, Myanmar expresses its concern over allegations that all individuals residing in the camps in Bangladesh are from Myanmar. Myanmar categorically rejects the expression and allegations that "the boat people" and other persons who have arrived in other countries, using a nomenclature that falsely claims an ethnic identity which has never existed in Myanmar, originated from Myanmar.

Due to the immigration checks conducted in 1978, 1991 and 1992, some Bengalis from Rakhine State fled to Bangladesh. However, as per bilateral agreements between the two countries, Myanmar had successfully received 186,968 displaced persons between 1978 and 1979, and 236,495 displaced persons between 1992 and 2005.

Myanmar has made every effort with genuine goodwill for expeditious repatriation of verified displaced persons who had resided in Rakhine State. In preparation for receiving them under a Pilot Project, Myanmar organized one "Come-and-See" visit to Rakhine State, two "Go-and-Talk" visits to Bangladesh, two visits by Myanmar delegations to Bangladesh for in-person verification process and two diplomatic tours to observe the preparations for the Pilot Project.

In the spirit of good neighbourliness, Myanmar will continue to cooperate with Bangladesh to facilitate the voluntary return of verified displaced persons in a safe and dignified manner. The repatriation of displaced persons is a matter to be resolved between the two countries. Therefore, Myanmar is deeply displeased with the wrong portrayal of the issue as an international issue. Myanmar will continue to cooperate constructively with friendly countries with regard to the repatriation of displaced persons.

Myanmar will receive the displaced persons who have been verified as former residents of Rakhine State when the security situation in Rakhine State becomes more stable.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated, 15 August 2026**

## Green chilli in good trading at domestic market in Nyaungdon Township

NYAUNGDON August 14

Daw Zar Zar, the owner of green grocery trading in Nyaungdon Township of Ayeyawady Region, said that green chilli is in high demand at the domestic market in Nyaungdon Township.

Green chilli trading has been performing well in Nyaungdon Township since the third week of June this year up to the present, according to reports. The area is currently in the green chilli harvesting season, and green chillies are fetching up to Ks-8,900 per viss.

"Green chilli trading is currently doing well. In this area, farmers are growing two types of green chillies. The chillies cultivated by local farmers have now started appearing in the market. As the green chilli season is underway and trading conditions are good, farmers are receiving better prices, while agricultural workers are also seeing improved employment opportunities. This year, fewer farmers are growing chillies compared to last year, and demand from both the local market and the Yangon market has increased, resulting in better trade," said Daw Zar Zar.

Green chillies grown and produced by farmers in Nyaungdon Township are of good quality and free from pests and diseases. Due to the improved trade of locally produced green chillies, farmers and agricultural workers are experiencing better business conditions.

**SK**

## Local traders from Kyaiklat Township ship large volume of eels to Yangon market

KYAIKLAT August 14

Local merchants from Kyaiklat Township Agriculture Department in Ayeyawady Region sold a large volume of eel to Yangon market said Daw Zar Zar Oo, the fishery product wholesaler in Kyaiklat Township.

In Kyaiklat Township, exports of eels to the Yangon market increase 56,000 viss. The increase in eel shipments was due to stronger demand from the Yangon market.

"Since the first week of last month, eel exports have noticeably increased. The rise in eel trading is reportedly because domestic eel businesses have resumed operations. Locally produced eels are mainly shipped to Yangon. From Yangon, they are further distributed and sold to other domestic and overseas markets. With demand improving like this, eel farmers, workers, and eel catchers have seen better business opportunities," said Daw Zar Zar Oo.

It is reported that in January, the price of 10 viss of eels exported from Kyaiklat Township to the Yangon market reached up to Ks-215,000. Locally produced eels are mainly shipped to the domestic Yangon market and then further distributed to other regions through Yangon.

**SMK**

# Budalin Township to grow more than 5,000 acres of sunflower this year



BUDALIN August 14

The agricultural data compiled by Budalin Township Agriculture Department stated that local authorities have earmarked cultivation of more than 5,000 acres of sunflower as monsoon season crop in Budalin Township of Sagaing Region this year.

They set a plan to grow 5,710 acres of sunflower in Budalin Township in 2026-2027 monsoon cultivation season. At present, local farmers are in work of ploughing the croplands to grow sunflower.

U Phyo Wai, Head of the Township Agriculture Department, said: "Authorities earmarked cultivation of more than 5,000 acres of sunflower. We will contribute to meeting the target cultivation. Sown acreage of sunflower will be expanded to reduce import volume of palm oil from abroad. The oil production of sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in cold season."

To promote the expansion of sunflower cultivation in Budalin Township, the Township Department of Agriculture is intensifying awareness and technical training programs. It is reported that training courses aimed at enhancing the capacity and performance of both agricultural staff and farmers who will cultivate sunflowers will be accelerated.

For this year's sunflower cultivation program in Budalin Township, plans have been made to provide seeds to sunflower growers and to sell urea fertilizer at affordable prices. It is also reported that sunflower seeds produced from the harvest will be distributed through a farmer-to-farmer seed exchange system.

**SMK**

## Sesame plantations thriving in Pwintbyu Township

PWINTBYU August 14

Sesame plantations irrigated by Mezali diversion weir are thriving in Pwintbyu Township of Magway Region.

In Pwintbyu Township, local farmers have been able to cultivate 57,625 acres of summer sesame across the entire township during the summer crop planting season using water from the Mezali Diversion Weir, with the aim of ensuring local edible oil sufficiency and increasing crop-based income. The cultivated summer sesame fields are thriving successfully as there is sufficient irrigation water and no pest or disease outbreaks. Local farmers are expecting good yields and better market prices during the harvest season.

"This year's summer crop planting season, we were able to cultivate 57,625 acres of sesame. Regarding sesame cultivation, we have provided awareness and guidance on obtaining quality and pure seed varieties needed to improve yields and produce high-quality oil crops, adopting Good Agricultural Practices (GAP), and systematically using agricultural inputs and irrigation water. During the harvest period, we will also provide support and assistance with timely harvesting and threshing techniques to prevent yield losses," said Daw Moe Moe Wai, Head of the Department of Agriculture in Pwintbyu Township.

Daw Moe Moe Wai also said that if sesame is cultivated with good yields and quality, it can not only ensure sufficient local edible oil consumption but also generate income by selling surplus production, contributing to the improvement of social and economic livelihoods. Therefore, efforts must be made to expand sesame cultivation further.

**SMK**

## Pale Township to grow more than 45,000 acres of rainfed paddy this year

PALE August 14

The Township Agriculture Department stated that local farmers in Pale Township of Sagaing Region will grow more than 45,000 acres of rainfed paddy this year.

During the 2026-2027 monsoon crop cultivation season, Pale Township has set a target to cultivate 45,700 acres of rainfed paddy. The cultivation of monsoon paddy will be carried out from July to September this year.

"This year's monsoon crop cultivation season, Pale Township has planned to cultivate more than 45,000 acres of monsoon paddy. We will make efforts to ensure that the targeted acreage is fully cultivated. We will provide the necessary cultivation techniques and seeds for monsoon paddy farming. We will also conduct field activities to help farmers plant monsoon paddy on time," said Daw Khin Lay Nwe, Township Head of the Department of Agriculture in Pale Township.

It is reported that during this year's monsoon crop cultivation season, the Township Department of Agriculture and local farmers will work together to ensure that monsoon paddy is systematically cultivated without difficulties.

In Pale Township, farmers cultivating monsoon paddy will be provided with agricultural technical assistance, awareness on pest prevention, guidance to prevent crop damage and losses, and information on ensuring that harvested paddy reaches storage facilities under proper shelter in a timely manner.

It is also reported that staff from the Township Department of Agriculture will conduct field visits and provide agricultural technical guidance to ensure the success and good yields of the monsoon paddy fields cultivated in Pale Township this year. The support activities include selecting and using quality and pure seed varieties, monitoring pest infestations, conducting weeding and soil aeration, removing off-type plants, and applying fertilizers systematically.

**SK**

## Cucumber marketable with high demand at domestic market



KANGYIDAUNT August 14

Daw Nyo Nyo, the green grocery trader in Kangyidaunt Township of Ayeyawady Region, said that cucumber, produced by Kyangyidaunt Township, is in high demand at the domestic market.

In Kangyidaunt Township, locally grown cucumbers have been traded in the market since the third week of June this year, and buying and selling activities have continued until today. Demand has increased, with daily purchases reaching 40,000 to 45,000 cucumbers, resulting in active trading. The price has reached up to Ks-13,000 per 100 cucumbers.

"The cucumbers produced from this area are in high demand from buyers in other townships. Currently, up to 45,000 cucumbers are being traded. The cucumbers that are selling well now are of good quality and fresh. Since they are locally produced goods, consumers can buy affordable, clean, and fresh food products. Other regions are actively purchasing the cucumbers supplied from this area. As demand for locally produced cucumbers has increased, farmers who grow them are gaining more opportunities," said Daw Nyo Nyo.

It is reported that Kangyidaunt Township is currently in the season when locally produced vegetables, including cucumbers, are available. The strong demand and active sales of locally grown cucumbers, the trading of mainly local products, lower transportation costs, and the freshness of the produce are among the benefits.

**SK**

# Israeli military says killed Hamas commander in Gaza

JERUSALEM August 14

The Israel Defence Forces (IDF) said in a statement on Friday that it killed a Hamas company commander who allegedly took part in the Hamas attack on southern Israel on October 7, 2023.

According to the statement, the militant, Muhammad Bassam Muhammad Mushtaha, who served as a company commander in the Shati' Battalion of Hamas' military wing, was struck two weeks ago in the northern Gaza Strip.

The Israeli military said Mushtaha was involved in holding several Israeli hostages captive throughout the war.

The military claimed that Mushtaha had attempted to carry out attacks against IDF troops and Israeli civilians, prompting the military to target and kill him.

In October 2025, a ceasefire between Hamas and Israel came into effect.

Earlier this month, Israeli Prime Minister Benjamin Netanyahu formally rejected the U.S.-backed 15-point plan for ending the Gaza conflict, insisting that Israel will not withdraw its forces from the enclave until Hamas is fully disarmed.

**Xinhua**

# Colombia quake death toll rises to 281

BOGOTA August 14

The death toll from Monday's 7.4-magnitude earthquake in Colombia has risen to 281, with 3,971 people injured and 379 missing, the National Unit for Disaster Risk Management said Thursday.

The quake now affects 44,936 families and 102,105 people in 15 departments and 426 municipalities, the agency said.

It added that 10,677 homes had been destroyed and 65,841 others damaged.

According to the Colombian Geological Service, the temblor struck western Colombia at 7:34 a.m. local time (1234 GMT) Monday. Its epicenter was near San Jose del Palmar, in the department of Choco, at a depth of 96 km. **Xinhua**



# Russia strikes Ukrainian forces weapons depot in port of Yuzhny

MOSCOW August 14

The Russian armed forces struck a warehouse containing weapons, military equipment, and property belonging to the Ukrainian armed forces in the port of Yuzhny with missiles and drones, the Russian Ministry of Defence said on Friday.

"During the day, high-precision air-launched weapons and attack drones struck a warehouse containing weapons, military equipment, and property belonging to the Ukrainian armed forces in the port of Yuzhny," the statement read.

The Russian armed forces struck a fuel and lubricants tank in the port of Odessa deployed for the Ukrainian armed forces, the Russian Defence Ministry said.

The Russian forces continued to strike port infrastructure and sea vessels operating in the interests of the Ukrainian forces, the ministry said.

"During the day, high-precision air-launched weapons and attack drones struck a fuel and lubricants tank in the port of Odesa intended for the Ukrainian armed forces," the statement read.

**Sputnik**

# Hundreds evacuated as French wildfires spread

PARIS August 14

More than 500 people have been evacuated in the southwestern French department of Landes as wildfires continue to spread and threaten nearby communities.

Prefect Gilles Clavreul ordered an expansion of the evacuation zone after the blaze grew to cover around 1,100 hectares, or roughly 2,700 acres, officials said on Friday. Some 525 people have now been moved to safety, up from around 400 on Thursday, when the latest fire broke out.

France is among several European countries battling wildfires amid a spell of extreme heat that has caused health emergencies and disruptions to power generation across the continent. Temperatures in Landes are expected to reach around 36°C, raising the risk of fresh flare-ups, fire chief Arnaud Fabre warned, according to French media.

Around 500 firefighters have been deployed to contain the blaze. Flames reportedly advanced to within a few hundred meters of the community of Luglon, although no homes or other property have so far been reported destroyed.

Landes is heavily covered by pine forests and is particularly vulnerable to wildfires. The area burned in the current fire season has already surpassed levels recorded during the severe wildfire year of 2022. Across France, around 120,000 hectares, or nearly 300,000 acres, have reportedly burned.

The French Interior Ministry has said that 420 people were detained on suspicion of starting fires, either deliberately or through negligence.

**RT**

# Chinese pioneer space scientist Wang Xiji dies at 105

BEIJING August 14


Wang Xiji, a Chinese space scientist who made pioneering contributions to China's rocket and satellite programs, died of illness in Beijing at the age of 105 on Wednesday, the China Academy of Space Technology announced.

His career spanned several fields of the country's early space development, including sounding rockets, carrier rockets, recoverable satellites and modern small satellites.

He championed and participated in establishing the disciplines of unguided rocket technology and space recovery technology. He led the development of China's first sounding rocket, proposed the technical plan for the first carrier rocket, and supervised the development of multiple recoverable satellites, making China the third country in the world to master satellite recovery tech capabilities, the academy said.

In 1999, Wang was awarded the "Two Bombs, One Satellite" Meritorious Service Medal, a national honor that recognizes extraordinary contributions to the country's early nuclear, missile and satellite programs.

**Xinhua**



## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Top food scientist: 'I wouldn't touch bagged salad in a million years' - stark warning as toxic lettuce fuels spread of 'explosive diarrhoea' parasite

- **Top dermatologist reveals the SPF mistakes millions still make (and the simple fix that could save your skin).**

A food scientist has warned against eating supermarket salad leaves, as they're often laced with a bug that triggers extreme vomiting and diarrhoea – and can prove lethal in vulnerable Britons.

The so-called 'explosive diarrhoea' parasite, cyclosporiasis, has already struck down tens of thousands of Americans this summer, and is now sweeping through Europe.

While the pathogen – spread through contaminated food and water – is not yet epidemic in the UK, experts say our salads are far from risk-free.



'Salads, lettuce and side salad infections can kill,' Dr Primrose Freestone, a microbiologist at the University of Leicester, told The Times.

'I wouldn't touch a bagged salad in a million years.'

Dr Freestone's warnings come as health chiefs have announced the debilitating infection – which causes weeks of violent diarrhoea, abdominal cramps and vomiting – has reached the UK.

'Pathogens grow more than 1,000 times better in a salad bag, even if it's kept in the fridge, and they attach themselves to plastic,' Dr Freestone said.

'The longer they're in there, the worse it becomes. Germs use juices from bagged salad leaves to become more virulent. And that means they are more likely to cause infection.'

So far, cyclosporiasis has hit more than 22,000 people across 45 states, killing two and leaving hundreds hospitalised. At least 67 Britons have fallen ill since May.

And contaminated lettuce appears to be the culprit, according to reports. But it's not just this bug that clings to bagged lettuce.

Last year, the UK Health Security Agency (UKHSA) reported a 26 percent rise in a rare strain of E. Coli infections which can result in a life-threatening condition that can lead to kidney failure.

The sharp rise in cases of Shiga toxin-producing E. Coli (STEC) was linked to lettuce in packaged sandwiches and wraps, which left 86 people hospitalised.

Experts believe lettuce's texture can make it more prone to the bacteria and the fact it's not cooked, which would usually kill off bugs, increases the risk.

'There's a natural microflora on lettuce and leaves as they have been growing out in the wild. Heat destroys pathogens, and there's a risk in eating something from the ground that has not been cooked,' Dr Freestone explains.

The way salads are grown and processed also increases the risk of infection.

'Flies, wasps and other critters carry contamination, adding to the issue at this time of year. They can all carry pathogenic bacteria on to fresh produce,' she added.

While this may sound terrifying, Dr Freestone admitted, there are ways to limit the risk and eat salad leaves safely.

Firstly, all pre-packed supermarket salad leaves should be washed, even if they're labelled 'washed and ready to eat', she said.

This is because the rough and waxy surface on the leaf makes it difficult to wash off pathogens, so one wash is rarely enough to kill off any lurking bacteria.

'Using tap water is fine as it is clean and provides enough of a sheer force to remove debris,' Dr Freestone said.

However, there is some evidence that bacteria like E. Coli can enter the tissue of lettuce, meaning they can't be simply washed away.

This is even more important when it comes to organic salads. Buying organic will limit exposure to forever chemicals – however, this also means they haven't been doused in the chlorinated water that helps kill off lurking bugs.

Dr Freestone advises avoiding bagged salads altogether, as the wet and warm environment in a bag of salad provides the perfect conditions for bacteria to thrive.

Lab trials showed that salmonella – a bacteria that causes food poisoning – increased 2,400-fold in these conditions.

She added: 'With bagged or pre-prepared salads, one of the most important things you can do is check the use-by date.

'Dark green and moist leaves means microbial or fungal action on plant cells is leaching out fluids from interiors of cells.

'In other words, your lettuce is starting to rot and you really need to chuck it out.'

**What exactly is the cyclospora parasite?**

Cyclospora is a single-cell organism, meaning, in layman's terms, it is microscopically tiny.

It is a parasite that lives and multiplies in the small intestine, burrowing into cells that line the gut wall. The frequent, watery diarrhoea associated with the bug is the body's attempt to expel them.

Symptoms typically go on for a couple of weeks but can last up to a month, says Dr Lindsey Ann Edwards, senior lecturer in microbiology at King's College London.

She adds: 'The main sign is very watery diarrhoea over a prolonged period. While other bugs may clear up after a few days, cyclosporiasis continues.'

Some sufferers have described having to use the toilet up to 20 times a day, while others told of a bubbling, or balloon-like feeling in the stomach.

The parasite can also cause abdominal pain and nausea, but rarely vomiting.

**Can I catch it from an infected person?**

Cyclosporiasis differs from more common bugs in how it is spread. 'The parasite can't be passed on between humans, unlike many other diarrhoea-causing infections,' says Professor Hunter.

In fact, people become infected with cyclospora only when they consume food or water that contains the parasite.

'If you were just at dinner with, or even lived with, an infected person, you likely wouldn't get it,' says Professor Hunter.

Instead, outbreaks, such as the one in the US, occur when infected faecal matter comes into contact with crops, usually due to contaminated water supplies used to wash or grow produce.

Prof Hunter adds: 'It's raw vegetables and fruit – crops you won't typically cook – that tend to spread cyclospora, as boiling can kill the parasite.

'Salad leaves in particular are full of nooks and crannies and have a lot of surface area for the parasite to lay eggs on. And you don't cook them – making them a perfect vehicle for cyclospora.'

**Mail Online**

➢ ကျောဖုံးမှအဆက်

ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့မှ အမျိုးသား ၃ ဦး၊ အမျိုးသမီး ၂ ဦး၊ နတ်တလင်းမြို့မှ အမျိုးသား ၃ ဦး၊ အုတ်ဖိုမြို့မှ အမျိုးသား ၈ ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား ၄ ဦး၊ စုစုပေါင်း PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၂ ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိအေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်၊ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA–1 သေနတ် ၃ လက်၊ M–4 သေနတ် ၃ လက်၊ BA–63 သေနတ် ၁ လက်၊ အီနာဂါဗုံးသီး ၁ လုံး၊ လက်ပစ်ဗုံး ၃ လုံး၊ ၅ ဒသမ ၅၆ မမကျည် ၃၂၂ တောင့်၊ ၇ ဒသမ ၆၂ မမကျည် ၁၄၀ တောင့်၊ ကိုးလုံးကျည် ၁၃ တောင့်နှင့် ကျည်အိမ် ၅ ခုတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၇ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၅၀၊ အီနာဂါဗုံးသီး ၁ လုံးအတွက် ဆုကြေးငွေကျပ် ၃ သိန်း၊ လက်ပစ်ဗုံး ၃ လုံးအတွက် ဆုကြေးငွေကျပ် ၉ သိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၀ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် ၂ သိန်းစီဖြင့် သိန်း ၄၀ ကျပ်၊ စုစုပေါင်း ဆုကြေးငွေ ၄၀၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ ကိုယ်စား အလင်းဝင်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့်တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအပ်နှံသည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုစဉ်။

အဆိုပါဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက်ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။







ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာလိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

"အလင်းဝင်ရောက်ဖို့ဆုံးဖြတ်ခဲ့တဲ့ အဓိကအကြောင်းအရင်းက ခေါင်းဆောင်ပိုင်းတွေလည်းမကြိုက်တာပါတာပေါ့။ ကြီးနိုင်ငယ်ညှဉ်းတွေရော ပြီးတော့ သူတို့လုပ်ရပ်တွေ မမှန်တာတွေလည်း ပါပါတယ်။ အလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချတာမှာ ဖြစ်ပါ့မလားဆိုပြီးတော့ စိုးရိမ်မှုတော့ရှိတယ်။ ဒါပေမဲ့လည်း ဒီရောက်လာတော့လည်း အဆင်ပြေပါတယ်။ အားလုံးက အရင်က တပ်မတော်အပေါ် အမြင်တွေမှားခဲ့တာပေါ့။ ရောက်ရှိလာတဲ့အချိန်မှာ တွေ့ရတဲ့အမြင်တွေကတော့ မတူတော့ဘူးပေါ့။ တော်တော်လေးကောင်းပါတယ်။ မိသားစုနဲ့ ပြန်တွေ့ရတဲ့ အချိန်မှာ ပျော်တယ်ပေါ့။ ကိုယ့်ဘဝအတွက်ကတော့ အခုလောလောဆယ်ကတော့ ရန်ကုန်မှာပဲ အလုပ်လုပ်မယ်လို့ မှန်းထားဆိုတော့ ဝမ်းသာတယ်။ ကိုယ့်ဘဝကိုယ် အကောင်းဆုံးတည်ဆောက်သွားမယ်လို့ စိတ်ကူးထားတယ်။ အလင်းဝင်ချင်တဲ့သူတွေကိုရော အကုန်လုံးပေါ့နော် အမြန်ဆုံးအလင်းဝင်ကျဖို့ဖိတ်ခေါ်ပါတယ်" ဟုပြောသည်။

"နေခဲ့တဲ့ နေရာမှာက ဘဝအတွက် တိုးတက်မှုလည်း ဘာမှမရှိဘူး ဒုက္ခပေါင်းများစွာနဲ့လည်းကြုံရတယ်။ အမြင်မကျယ်တော့ဘူး။ တောထဲတောင်ထဲမှာ ဒုက္ခခံရတာကလွဲရင် ဘာမှကိုယ့်ဘဝအတွက်လည်း တိုးတက်မှုမရှိဘူး။ အလင်းမဝင်ခင်ကတော့ ဒုက္ခပေါင်းများစွာနဲ့ ကိုယ့်ဘဝက အမှောင်ကျနေသလိုပေါ့နော်။ အခု အလင်းဝင်ပြီးတော့လည်း ကိုယ့်မိဘဆီပြန်ရောက်တော့ ကိုယ့်ဘဝတိုးတက်မှုတွေအများကြီးရှိမယ်ပေါ့နော်။ အလင်းဝင်ပါတယ်။ အားလုံးကိုလာခဲ့ပါလို့။ ဒီမှာ အဆင်ပြေပါတယ်လို့ ဖော်ဖော်ရွေရွေပါပဲ" ဟုပြောသည်။

"အဲဒီကိုရောက်တာလည်း သိပ်မကြာသေးဘူး သုံးလကျော် လေးလကျော်ပဲရှိသေးတော့မသိဘူး။ အလင်းမဝင်ခင်က အခြေအနေက စိတ်သောကတွေရောက်တယ်ပေါ့။ အလင်းဝင်ပြီးတဲ့ အချိန်မှာတော့ ကိုယ်ဒီဘက်ကို ရောက်ပြီဆိုတဲ့ အတွေးနဲ့ ပျော်တယ်၊ သူတို့က အဲဒီဘက်မှာ အစတုန်းက ကိုယ်တွေအလင်းဝင်မယ်လို့ တွေးတော့ အခါကျတော့ သူတို့ကပြောတာ ဒီဘက်မှာ အလင်းဝင်တာပဲဖြစ်ဖြစ် ဖမ်းမိတာပဲဖြစ်ဖြစ် သူတို့က သတ်ပစ်တယ်လို့ပဲပြောတာ။ အဲဒီတော့ ကိုယ်ကကြောက်တာပေါ့။ ဝင်ဖို့ကို နောက်ပိုင်းကျတော့ ကိုယ့်ဘာသာကိုယ်ဝင်တာပဲ အပြင်ရောက်ရင် သူတို့ဘာသာသူတို့သတ်ချင်လည်း သတ်တော့ ကိုယ့်ဘာသာကိုယ်အလင်းဝင်တာ အဲဒီထဲမှာတော့ မနေချင်တော့ဘူးဆိုပြီးထွက်လာတာ။ မိသားစုနဲ့ ပြန်လည်ဆုံတွေ့ရမယ်ဆုံးဖြတ်ချက်ချတဲ့အချိန်မှာ ပထမကရှေ့တန်းကနေပြီးတော့ သူငယ်ချင်းတွေဆီရောက်သွားခဲ့တယ်။ ရောက်သွားတော့ အဆက်အသွယ်တွေကလည်းမရဘူး။ အဆက်အသွယ်မရတော့ သူတို့နဲ့လိုက်ပြီး ချိတ်ဆက်တယ်။ ချိတ်ဆက်တော့ မိသွားလို့ရှိရင်လည်း သူတို့သတ်မှာကိုကြောက်ရသေးတယ်ဗျ။ ပထမတုန်းကတော့ လူငယ်ဆိုတော့ အဲလောက်လည်း တပ်မတော်နဲ့ပတ်သက်တဲ့ အရာတွေမှန်သမျှလည်း သိပ်မသိဘူးပေါ့နော်၊ ကိုယ့်အပေါင်းအသင်းတွေနဲ့ ချိတ်ဆက်မှုရပြီးတော့ ပါသွားခဲ့တော့ ခု အလင်းဝင်ပြီးပြန်ရောက်လာတော့ ပီတိဖြစ်တာပေါ့နော် ။ ပျော်လည်းပျော်တယ် မိသားစုနဲ့ ပြန်တွေ့ရတော့။ အလင်းဝင်ရောက်လာပြီးတော့အကောင်းဆုံးဝါသနာနဲ့အလုပ်နဲ့ ထပ်တူကျတဲ့အရာကိုပဲ ရွေးချယ်ပြီးတော့ အကောင်းဆုံးကြိုးစားမယ်ပေါ့။ ကိုယ့်ဘဝတိုးတက်အောင်ကြိုးစားမယ်" ဟုပြောသည်။

(၁၀၀)

# သုံးခွမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ပုလဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ ကျေးရွာဓမ္မာရုံ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃ ပါးနှင့် ဒေသခံပြည်သူ ၁၅၄ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိတောင်ပေါ်ကျောင်းတိုက်၌ အခြေပြု၍ ဒေသခံပြည်သူ ၁၄၇ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က သုံးခွမြို့နယ်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

(၁၀၀)

# ဂျပန်ရဲ့စစ်ရေးအရှိန်မြှင့်တင်မှုနဲ့အတူ မဟာဗျူဟာအလှည့်အပြောင်းဖြစ်လာတဲ့ အရှေ့အာရှ

ဒုတိယကမ္ဘာစစ်အပြီးမှာ အရှေ့အာရှဒေသတစ်ခုလုံးရဲ့ လုံခြုံရေးအခင်းအကျင်းဟာ ဆယ်စုနှစ်ခုနှစ်ခုကျော်တိုင်အောင် မဟာဗျူဟာမြောက် တည်ငြိမ်မှုတစ်ခုပေါ်မှာ အခြေခံတည်ဆောက်ခဲ့တာပါ။ ဒီလိုမျိုးတည်ငြိမ်မှုရဲ့ ပင်မထောက်တိုင်တစ်ခုကတော့ ၁၉၄၇ ခုနှစ်မှာအတည်ပြုခဲ့တဲ့ ဂျပန်နိုင်ငံရဲ့ ငြိမ်းချမ်းရေး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ယင်းအခြေခံဥပဒေပုဒ်မ ၉ ပါ စစ်ကိုထာဝရ စွန့်လွှတ်မှုနဲ့တပ်ဖွဲ့ကိုလည်းကာကွယ်ရေး သက်သက် သီးသန့်ကျင့်သုံးရေးမူဝါဒပဲ ဖြစ်ပါတယ်။ သို့သော် လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်း အရှေ့အာရှဒေသမှာဖြစ်ပေါ်လာတဲ့ ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုတွေ၊ ထိုင်ဝမ်ရေလက်ကြားအရေး၊ အရှေ့တရုတ်ပင်လယ်ထဲက ပိုင်နက်အငြင်းပွားမှုတွေနဲ့ မြောက်ကိုရီးယားရဲ့ ဒုံးကျည်စမ်းသပ်မှုများကိုဆင်ခြေပေးလို့ ဂျပန်နိုင်ငံရဲ့ စစ်ရေးဆိုင်ရာချဉ်းကပ်မှုဟာ သိသိသာသာ ပြောင်းလဲလာခဲ့တာ ဖြစ်ပါတယ်။



လတ်တလော ထွက်ပေါ်လာလျက်ရှိတဲ့ သတင်းအချက်အလက်တွေအရဆိုရင် ဂျပန်နိုင်ငံက တိုမာဟော့အမျိုးအစား အနိမ့်ပျံဒုံးကျည်တွေကို ဒိုင်းကာအဖြစ် တပ်ဆင်ထားတဲ့ စစ်သင်္ဘောပေါ်ကနေ ဒုံးကျည်ကိုစမ်းသပ်ပစ်ခတ်တာ၊ အမျိုးအစားမသိရသေးတဲ့ တိုက်ခိုက်ရေးဒုံးကျည်အသစ်ကို ဝေဟင်ထက်ကနေ စမ်းသပ်သယ်ဆောင်တာနဲ့ ကာကွယ်ရေးအသုံးစရိတ်ကိုလည်း သမိုင်းတစ်လျှောက် စံချိန်တင်ပမာဏအထိ တိုးမြှင့်တောင်းခံလာတာတွေက အာရှ-ပစိဖိတ်ဒေသရဲ့စစ်ရေးပြိုင်ဆိုင်မှုကို ပိုမိုမြင့်မားတဲ့အဆင့်ဆီ တွန်းပို့လိုက်တာပါ။

ဒီအခြေအနေအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပြင်းပြင်းထန်ထန် တုံ့ပြန်လိုက်ပါတယ်။ ဂျပန်နိုင်ငံရဲ့လုပ်ရပ်ဟာ စစ်ပြီးခေတ် နိုင်ငံတကာစနစ်ကို စိန်ခေါ်နေကာ ဒေသတွင်းငြိမ်းချမ်းရေးကို အကြီးအကျယ်ခြိမ်းခြောက်လာနေတဲ့ စစ်ဝါဒီဦးတည်ချက်ဖြစ်ကြောင်း၊ ဒီလိုလုပ်ဆောင်ချက်တွေဟာ တရုတ်နိုင်ငံအတွက် စိုးရိမ်မကင်းဖြစ်မှုတွေကို အဆမတန်မြင့်တက်လာစေကြောင်း ပြင်းထန်စွာသတိပေးပြောဆိုလာခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့ ဒုတိယကမ္ဘာစစ်အပြီး လုံခြုံရေးမူဝါဒကို ပုံဖော်ပေးတာကတော့ ၁၉၄၅ ခုနှစ် ပို့စဒမ်ကြေညာစာတမ်းနဲ့ ဂျပန်ရဲ့ လက်နက်ချစာချုပ်တွေပဲဖြစ်ပါတယ်။ အဆိုပါ သမိုင်းဝင် သဘောတူညီချက်တွေရဲ့ အနှစ်သာရက ဂျပန်နိုင်ငံမှာ စစ်ဝါဒ ပြန်လည်ပြီးခေါင်းထူလာတာကို တားဆီးဖို့ စစ်အင်အားစုဆောင်းမှုကို လုံးဝကန့်သတ်ဖို့နဲ့ တခြားနိုင်ငံတွေအပေါ် စစ်ရေးအရခြိမ်းခြောက်နိုင်တဲ့ လက်နက်စက်ရုံတွေ၊ တိုက်ခိုက်ရေးစွမ်းရည်တွေ မရှိစေဖို့ပဲ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉ မှာ ဂျပန်ပြည်သူတွေဟာ နိုင်ငံရဲ့ အချုပ်အခြာအာဏာတစ်ခုအဖြစ်ပိုင်ဆိုင်မှုကဲ့သို့ဖြစ်သောစစ်ပွဲ၊ နိုင်ငံတကာ အငြင်းပွားမှုတွေကိုဖြေရှင်းဖို့အတွက် ခြိမ်းခြောက်မှု သို့မဟုတ် အင်အားသုံးစွဲမှုကို ထာဝရ စွန့်လွှတ်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားတာပါ။ ဒီပြဋ္ဌာန်းချက်အရ ဂျပန်ဟာ သမားရိုးကျ တပ်မတော်တစ်ရပ်ကိုပင် ဖွဲ့စည်းခွင့်မရှိဘဲ မိမိကိုယ်မိမိကာကွယ်ရေးတပ်ဖွဲ့အဖြစ်သာ အကန့်အသတ်နဲ့ ရပ်တည်ခဲ့ရပါတယ်။

သို့သော် ၂၀၂၂ ခုနှစ်မှာ ဂျပန်အစိုးရက အမျိုးသားလုံခြုံရေးမဟာဗျူဟာကို ပြန်လည်ပြင်ဆင်ရေးဆွဲပြီး ရန်သူ့နယ်မြေရှိ ဒုံးကျည်စခန်းတွေကို တိုက်ရိုက်ပြန်လည်တိုက်ခိုက်နိုင်တဲ့ တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းကို တရားဝင်ထည့်သွင်းလိုက်တာကြောင့် စစ်ပြီးခေတ် ဂျပန်နိုင်ငံရဲ့စစ်ရေးမူဝါဒမှာ အကြီးမားဆုံးသော မဟာဗျူဟာမြောက် အလှည့်အပြောင်းဖြစ်ခဲ့ပါတယ်။ ဒါဟာ တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေရဲ့ စိုးရိမ်မှုကို စတင်မီးမွှေးပေးခဲ့တာ ဖြစ်တယ်လို့ဆိုရမှာပါ။

လတ်တလောသတင်းတွေအရ ဂျပန်နိုင်ငံရဲ့ စစ်ရေးအင်အားတည်ဆောက်မှုဟာစာရွက်ပေါ်မှာတင်မဟုတ်ဘဲ လက်တွေ့မြေပြင်မှာ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်နေတာကိုတွေ့ရှိရပြီး အဲဒီလုပ်ဆောင်ချက်တစ်ခုချင်းစီဟာ တရုတ်နိုင်ငံအတွက် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုတွေကို တိုက်ရိုက်ဖြစ်ပေါ်စေလျက်ရှိပါတယ်။ ပထမဆုံး ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့က စစ်သင်္ဘော JS Chokai ပေါ်ကနေ အမေရိကန်ထုတ် တိုမာဟော့ ဒုံးကျည်ကို ပထမဆုံးအကြိမ် လေ့ကျင့်ပစ်ခတ်ခဲ့ပါတယ်။ ဒီဒုံးကျည်တွေဟာ ကီလိုမီတာ ၁၀၀၀ ကျော် အကွာအဝေးအထိ တိကျစွာပစ်ခတ်နိုင်တာကြောင့် တရုတ်ကုန်းတွင်းပိုင်းရှိ စစ်ရေးပစ်မှတ်တွေကို တိုက်ရိုက်ခြိမ်းခြောက်နိုင်တဲ့ စွမ်းရည်ကို ရရှိသွားခဲ့တာပါ။ ဒုတိယအချက်အနေနဲ့ ဂျပန်လေကြောင်းကာကွယ်ရေးတပ်ဖွဲ့ဟာလည်း အဆင့်မြင့် ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်အသစ်တွေကို စမ်းသပ်သယ်ဆောင်ပျံသန်းမှုတွေပြုလုပ်ခဲ့သလို အသံထက်မြန်တဲ့ ဒုံးကျည်တွေကိုပါ သုတေသနပြု ထုတ်လုပ်လျက်ရှိပါတယ်။

တတိယအချက်ကတော့ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက လာမယ့်ဘဏ္ဍာနှစ်တွေအတွက် ကာကွယ်ရေးဘတ်ဂျက်ကို ဂျပန်ယန်း ၁၀ ထရီလီယံအထိ စံချိန်တင်တိုးမြှင့်တောင်းခံတာဖြစ်ပါတယ်။ အဲဒီပမာဏဟာ နိုင်ငံ့ GDP ရဲ့ ၂ ရာခိုင်နှုန်းအထိ စစ်အသုံးစရိတ်တိုးမြှင့်ရေးဆိုတဲ့ NATO တပ်ဖွဲ့ရဲ့စံနှုန်းဆီ ရှေးရှုနေတာ ဖြစ်ပါတယ်။ ဒါ့အပြင် ဂျပန်အစိုးရဟာ ယခင်က ပြင်းထန်စွာကန့်သတ်ထားခဲ့တဲ့ ပြည်ပသို့လက်နက်များတင်ပို့ခွင့်ကန့်သတ်ချက်ကိုပါ လျှော့ချခဲ့တာကြောင့် ဂျပန်နိုင်ငံရဲ့ စစ်လက်နက်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းကို အားကောင်းစေရုံမက အမေရိကန်နဲ့ မဟာမိတ်နိုင်ငံတွေဆီ စစ်လက်နက်များ ပံ့ပိုးပေးနိုင်မယ့်လမ်းကြောင်းကို ဖွင့်လှစ်ပေးလိုက်တာဖြစ်တဲ့အတွက် တရုတ်နိုင်ငံရဲ့စိုးရိမ်မှုကို အမြင့်ဆုံးအဆင့်ဆီ တွန်းပို့လိုက်တာပဲ ဖြစ်ပါတယ်။

ဂျပန်ရဲ့ စစ်ရေးလှုပ်ရှားမှုတွေ အရှိန်ရလာတာနဲ့အမျှ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်က ပြင်းထန်တဲ့ စိုးရိမ်မကင်းဖြစ်မှုနဲ့ အပြစ်တင်မှုတွေ ဆက်တိုက်ထွက်ပေါ်လာပါတယ်။ တရုတ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဂျပန်နိုင်ငံရဲ့ လုပ်ဆောင်ချက်တွေဟာ အလွန်ရမ်းကားပြီး အန္တရာယ်များတဲ့အဆင့်ဆီ ရောက်ရှိလာနေကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ အဓိကစိုးရိမ်ချက်တွေကိုကြည့်မယ်ဆိုရင် ဂျပန်နိုင်ငံဟာ တရုတ်ရဲ့စစ်အင်အား ခေတ်မီဆန်းသစ်လာတာကို အိမ်နီးချင်းလုံခြုံရေးခြိမ်းခြောက်မှုဆိုပြီး အလွန်အကြူးပုံဖော်ကာ ငြိမ်းချမ်းရေး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကန့်သတ်ချက်တွေကို ချိုးဖောက်ဖို့ ဆင်ခြေပေးနေတယ်လို့ရှုမြင်ထားပါတယ်။ ဒါ့အပြင် ဒုတိယကမ္ဘာစစ်အပြီးမှာ သဘောတူခဲ့တဲ့ ပို့စဒမ်ကြေညာစာတမ်းပါ မူတွေကို ချိုးဖောက်ရာရောက်ပြီး ကျွန်းစုတွေမှာ တာဝေးပစ်ဒုံးကျည်များ တပ်ဆင်လာတာဟာ တရုတ်နိုင်ငံရဲ့ကုန်းတွင်းပိုင်းနဲ့ ထိုင်ဝမ်ရေလက်ကြားကို တိုက်ရိုက်ခြိမ်းခြောက်နေတာ ဖြစ်ပါတယ်။

ဂျပန်ရဲ့ စစ်ရေးအရှိန်မြှင့်တင်လာမှုက တရုတ်နိုင်ငံအတွက် စိုးရိမ်စရာပိုဖြစ်လာရတဲ့ အဓိကအကြောင်းရင်းကတော့ အမေရိကန်နဲ့ တရုတ်တို့ကြားမှာဖြစ်ပွားနေတဲ့ ကမ္ဘာ့အာဏာပြိုင်ဆိုင်မှုမှာ ဂျပန်ရဲ့အခန်းကဏ္ဍက အဆမတန်ပြောင်းလဲလာနေတဲ့ အတွက်ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ အင်ဒို-ပစိဖိတ် မဟာဗျူဟာအောက်မှာ တရုတ်ကို ထိန်းချုပ်ဖို့အတွက် ဂျပန်နိုင်ငံကို ယခင်ကဒိုင်းကာအဖြစ်သာ မဟာဗျူဟာ သတ်မှတ်ထားသော်လည်း ယခုအခါ ရန်သူ့နယ်မြေကိုတိုက်ခိုက်နိုင်စွမ်းရှိတဲ့လှံအဖြစ်ပါ ပြောင်းလဲပေးလိုက်ပြီဖြစ်ပါတယ်။ ဒီလို အမေရိကန်-ဂျပန် မဟာဗျူဟာက တိုက်စစ်ဆင်မှုဘက်ကို ပိုမိုရောက်ရှိလာတာကြောင့် တရုတ်နိုင်ငံအနေနဲ့ ၎င်းရဲ့အရှေ့ဘက်ကမ်းရိုးတန်းနဲ့ ပင်လယ်ထွက်ပေါက်တွေမှာ ပိတ်ဆို့ခံရမှာကို ပိုမိုစိုးရိမ်လာရတာဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ နောက်ထပ်စိုးရိမ်ရမှုအမြင့်ဆုံးအချက်ကတော့ ထိုင်ဝမ်ကျွန်းအရေးပဲဖြစ်ပါတယ်။ ဂျပန်နိုင်ငံရေးခေါင်းဆောင်တွေက ထိုင်ဝမ်ကျွန်းပတ်ဝန်းကျင်မှာ ပြဿနာဖြစ်ပွားတာဟာ ဂျပန်အတွက် ပြဿနာဖြစ်ပွားတာပဲလို့ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုလာကြပြီး ထိုင်ဝမ်ရေလက်ကြားမှာ ပဋိပက္ခဖြစ်ပွားရင် ဂျပန်ရဲ့ တာဝေးပစ်တိုက်ခိုက်ရေး စွမ်းရည်တွေက အမေရိကန်နဲ့အတူ ပါဝင်စွက်ဖက်လာမှာကို တရုတ်နိုင်ငံက အထူးစိုးရိမ်နေတာပါ။ ဒါ့အပြင် ဂျပန်ရဲ့စစ်ရေးအင်အားကို တည်ဆောက်မှုဟာ မြောက်ကိုရီးယားနဲ့ ရုရှားနိုင်ငံတို့ကိုပါ မဟာဗျူဟာမြောက် တုံ့ပြန်မှုတွေပြုလုပ်ဖို့ တွန်းအားပေးလိုက်သလိုဖြစ်စေတာကြောင့် အရှေ့အာရှဒေသမှာ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုသံသရာကို ဖြစ်ပေါ်စေပြီး အပြန်အလှန် စစ်ရေးပြိုင်ဆိုင်မှုကို အရှိန်မြှင့်တက်စေပါတယ်။

ခြုံငုံသုံးသပ်ရရင်တော့ ဂျပန်နိုင်ငံရဲ့ စစ်ရေးအရှိန်မြှင့်တင်မှု လုပ်ဆောင်ချက်တွေဟာ အာရှ-ပစိဖိတ်ဒေသရဲ့ လုံခြုံရေးမူဘောင်ကိုပြောင်းလဲစေရုံသာမက တရုတ်နိုင်ငံရဲ့ မဟာဗျူဟာမြောက် စိုးရိမ်မကင်းဖြစ်မှုတွေကို အထူးပင်မြင့်တက်လာစေခဲ့ပါတယ်။ ဂျပန်နိုင်ငံအတွက်တော့ သူ့ရဲ့ လုပ်ဆောင်ချက်တွေဟာ ပြောင်းလဲလာနေတဲ့ လုံခြုံရေးခြိမ်းခြောက်မှုတွေကို ရင်ဆိုင်ဖို့ မဖြစ်မနေလိုအပ်တဲ့ တားဆီးမှုသာဖြစ်တယ်လို့ရှုမြင်ထားပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံအတွက်ကတော့ စစ်ပြီးခေတ်ငြိမ်းချမ်းရေးအခင်းအကျင်းကို ဖျက်ဆီးပြီး မိမိနိုင်ငံကို စစ်ရေးအရ ဝိုင်းဝန်းပိတ်ဆို့ဖို့ ကြိုးပမ်းတဲ့ စစ်ဝါဒသစ်ဖြစ်တယ်လို့ခံယူထားတာပါ။ ရှေ့လျှောက် သံတမန်ရေးရာ ဆက်သွယ်မှုနဲ့ ထိန်းကျောင်းမှုတွေ မရှိဘူးဆိုရင် ဂျပန်နဲ့ တရုတ်တို့ကြားမှာသာမက အရှေ့အာရှဒေသတစ်ခုလုံးမှာပါ စစ်ရေးအရ တင်းမာမှုတွေဟာ ပိုမိုမြင့်တက်လာမှာဖြစ်ကြောင်း သုံးသပ်ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: RT

ထက်မြတ်

## ဘင်္ဂလားဒေ့ရှ်မှာ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူကိုးဦးသေဆုံး

**ဒါကာ၊ မတော်တဆမှု**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်းရှိ သင်္ဘောဖျက်ဝင်းတစ်ခုမှာ ဖျက်သိမ်းနေဆဲ သင်္ဘောတစ်စင်းအတွင်း ဓာတ်ငွေ့ယိုစိမ့်မှုတစ်ခုဖြစ်ပွားပြီး ဓာတ်ငွေ့တွေကိုရှူရှိုက်မိတယ်လို့ယူဆရတဲ့ အခြေအနေကြောင့် လူကိုးဦး သေဆုံးသွားပါတယ်။

အရှေ့တောင်ပိုင်းဆိပ်ကမ်းမြို့ဖြစ်တဲ့ ချစ်တိုဂရမ်မြို့ ဆင်ခြေဖုံး စီတာကွန်ဒ်ဒေသရှိ သင်္ဘောဖျက်ဝင်းတစ်ခုမှာ ဩဂုတ်လ ၁၄ ရက်နံနက် ၉ နာရီခန့်က ဒီဖြစ်စဉ် ဖြစ်ပွားတာပါ။ ဒီဖြစ်စဉ်ကြောင့် လူအများအပြားဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက သတင်းထောက်တွေကို ပြောပါတယ်။

အလုပ်သမားတွေက သင်္ဘောဖျက်ဝင်းအတွင်း သန့်ရှင်းရေးနဲ့ပြုပြင်ထိန်းသိမ်းရေး လုပ်ဆောင်နေစဉ် ဓာတ်ငွေ့ယိုစိမ့်မှုတစ်ခု ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီနောက်ဓာတ်ငွေ့တွေရှူရှိုက်မိခြင်းကြောင့် လူသေဆုံးမှုများနဲ့ ဒဏ်ရာရမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများနဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ အဆိုအရသိရပါတယ်။

Ref: Xinhua

# ယူကရိန်းအပေါ် အနောက်အုပ်စုရဲ့စစ်ရေးအရထောက်ပံ့မှုများကို ရုရှားကဖျက်ဆီးသွားမည်ဟုဆို



**မော်စကို၊ စစ်ရေး**

ယူကရိန်းနိုင်ငံအနေနဲ့ စစ်ပွဲကြာရှည် အောင်လုပ်ဆောင်နိုင်စေတဲ့ အနောက်အုပ်စုရဲ့စစ်ရေးအရ ထောက်ပံ့မှုများအားလုံးကို ရုရှားနိုင်ငံကဖျက်ဆီးသွားမယ်လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ကပြောပါတယ်။ ဒ့ါအပြင် ရုရှားနိုင်ငံကယူကရိန်းအပေါ် စစ်ဆင်ရေးတွေကို တိုးမြှင့်လုပ်ဆောင်သွားမယ်လို့လည်း သူက သတိပေးထားပါတယ်။

ယူကရိန်းနဲ့အနောက်အုပ်စုများအနေနဲ့ အခုလိုမျိုးတိုက်ခိုက်မှုတွေတိုးမြှင့်လာခြင်းဟာ ရုရှားနိုင်ငံအပေါ်ဖိအားပေးနိုင်စေရေးအတွက်ဖြစ်တယ်လို့ ပြောထားတဲ့အပြင် လက်တွေ့မှာလည်း တိုက်ခိုက်မှုတွေကို အရင်ကထက်တိုးမြှင့်လုပ်ဆောင်လာနေတာဖြစ်ပါတယ်။ ဒါကြောင့်ပဲ စစ်ရေးအရ ထောက်ပံ့ပေးနေမှုများအားလုံးကို ဖျက်ဆီးသွားမယ်လို့ လက်ရော့ပြောလိုက်တာဖြစ်ပါတယ်။

ဒ့ါအပြင် လက်ရှိဖြစ်ပွားနေတဲ့ပဋိပက္ခ ပြေလည်စေရေးအတွက် ရှည်ကြာသော၊ ယုံကြည်စိတ်ချရနိုင်သော၊ ရေရှည်ထိန်းသိမ်းထားနိုင်သောဖြေရှင်းချက်ရရှိနိုင်ရေးကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပေမယ့်လည်းတိုက်ခိုက်မှုများကိုတော့ ရပ်တန့်သွားမှာမဟုတ်ဘူးလို့ လက်ရော့က ပြောထားပါတယ်။

ယူကရိန်းနိုင်ငံက ပြီးခဲ့တဲ့လများမှစလို့ ရုရှားအပေါ် တိုက်ခိုက်မှုများကိုတိုးမြှင့်လုပ်ဆောင်လာနေတာဖြစ်ပါတယ်။ အဲဒီလိုတိုက်ခိုက်မှုတွေကြောင့် ရုရှားဘက်မှာ အရပ်သားအများအပြားသေဆုံးမှုလည်း ရှိခဲ့ပါတယ်။ ဒါကြောင့် ရုရှားထိပ်တန်းတာဝန်ရှိသူများက ယူကရိန်းရဲ့ဒရုန်းတိုက်ခိုက်မှုများဟာ ရည်ရွယ်ချက်ရှိရှိလုပ်တဲ့ အကြမ်းဖက်လုပ်ရပ်များဖြစ်တယ်လို့ ပြောထားပါတယ်။

ဒါကြောင့်ပင် လက်ရှိအချိန်မှာယူကရိန်းနဲ့အနောက်နိုင်ငံတို့က တောင်းဆိုလာတဲ့ ပင်လယ်နက်ဒေသအပါအဝင် ရှေ့တန်းစစ်မျက်နှာများမှာ တိုက်ခိုက်မှုတွေကို ရပ်တန့်ဖို့ဆိုတာက ဘယ်လိုမှလက်မခံနိုင်တဲ့အရာဖြစ်ကြောင်း၊ လက်ရှိအနေအထားအရ အဲဒီလိုမျိုးလိုက်လျောလိုက်မယ်ဆိုရင် ရုရှားနိုင်ငံအတွက်သစ္စာမဲ့ရာရောက်သွားနိုင်ကြောင်း ဆာဂျီလက်ရော့က ပြောထားတာတွေ့ရပါတယ်။

**Ref: RT**

## တောင်ကိုရီးယားရှိ စာသင်ကျောင်းများစွာ ဖုန်းကင်းစင်နေရာများ ဖြစ်လာမည်

**ဆိုး၊ ပညာရေး**

တောင်ကိုရီးယားပညာရေးတာဝန်ရှိသူများက စာသင်ကျောင်းတချို့မှာဖုန်းများ ယူဆောင်မှုကို တားမြစ်ကန့်သတ်တဲ့ ရှေ့ပြေးအစီအစဉ်တွေကို လုပ်ဆောင်နေပါတယ်။ အခုဆိုရင် ဒီအစီအစဉ်ကို နောက်ထပ်ကျောင်းတွေမှာပါ တိုးချဲ့လုပ်ဆောင်သွားဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။ ဒါကြောင့် တောင်ကိုရီးယားရှိ ကျောင်းများစွာဟာ ဖုန်းကင်းစင်နေရာများဖြစ်လာမှာဖြစ်ပါတယ်။

၂၀၂၆ ခုနှစ်အကုန်ရောက်တဲ့အချိန်မှာ ဂျောင်ဂျီပြည်နယ်ရှိ စာသင်ကျောင်းပေါင်း ၃၀၀ ဟာ ဖုန်းကင်းစင်ကျောင်းများဖြစ်လာမှာဖြစ်တယ်လို့ ပညာရေးတာဝန်ရှိသူများကပြောထားပါတယ်။ ဒီအစီအစဉ်မှာပါဝင်တဲ့စာသင်ကျောင်းများအနေနဲ့ ပညာရေးသင်ကြားမှုနဲ့မပတ်သက်တဲ့ စမတ်ဖုန်းအသုံးပြုမှုကို ကန့်သတ်သွားရမှာဖြစ်ပြီး စမတ်ဖုန်းတွေသုံးမယ့်အစား စာဖတ်ခြင်း၊ အနုပညာလုပ်ခြင်း၊ ယဉ်ကျေးမှုအစီအစဉ်များလုပ်ခြင်းနဲ့ အားကစားလုပ်ခြင်းတို့ကို ပိုမိုအားပေးသွားရမှာဖြစ်ပါတယ်။

တောင်ကိုရီးယားနိုင်ငံမှာ ကျောင်းသားအချင်းချင်းသာမက အခြားသူများအနေဖြင့် ဆိုက်ဘာအနိုင်ကျင့်မှုကျူးလွန်နေတဲ့အတွက် ဒါကိုလျှော့ချနိုင်ဖို့ စာသင်ကျောင်းတွေမှာဖုန်းအသုံးပြုမှုကိုတားမြစ်လာတာဖြစ်ပါတယ်။

**Ref: ST**



## အမေရိကန်က အရှေ့အလယ်ပိုင်းဒေသသို့ လေယာဉ်တင်သင်္ဘောအသစ်စေလွှတ်ထား

**ဝါရှင်တန်၊ စစ်ရေး**

အရှေ့အလယ်ပိုင်းဒေသမှာ တာဝန်ထမ်းဆောင်နေတာ ရက်ပေါင်း ၂၅၀ ကျော်ကြာနေပြီဖြစ်တဲ့ လေယာဉ်တင်သင်္ဘော USS Abraham Lincoln နေရာကိုအစားထိုးဖို့အတွက် အမေရိကန်ကနောက်ထပ် လေယာဉ်တင်သင်္ဘောအသစ်တစ်စင်းကို စေလွှတ်ထားတယ်လို့ တာဝန်ရှိသူများရဲ့ ပြောဆိုချက်ကိုကိုးကားပြီး အမေရိကန်သတင်းဌာနများကဖော်ပြထားပါတယ်။

အခုအရှေ့အလယ်ပိုင်းဒေသကိုလာနေတဲ့လေယာဉ်တင်သင်္ဘောက USS George Washington ဖြစ်ပြီး သူဟာအမေရိကန်ရေတပ်ကအသုံးပြုနေတဲ့ အဆင့်မြင့်လေယာဉ်တင်သင်္ဘောတစ်စင်းဖြစ်ပါတယ်။ အဲဒီသင်္ဘောက ဩဂုတ်လ ၁၃ ရက်မှာ မလက္ကာရေလက်ကြားကိုဖြတ်သန်းလာတာတွေ့ရပြီးနောက် အမေရိကန်တာဝန်ရှိသူများက အခုလိုမျိုးထုတ်ပြန်လာတာဖြစ်ပါတယ်။

ပထမလေယာဉ်တင်သင်္ဘောဖြစ်တဲ့ USS Abraham Lincoln ဟာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေစဉ်မှာပင် ပြဿနာများစွာနဲ့ရင်ဆိုင်နေရတာပါ။ အဲဒီပြဿနာတွေထဲမှာ အခြေခံလိုအပ်ချက်များပင်ပြည့်စုံမှုမရှိတော့တာ၊ သောက်သုံးရေက ညစ်ညမ်းလာတာ၊ ရေပိုက်တွေပျက်စီးလာတာ၊ ကုန်းပတ်ရဲ့လုံခြုံရေးကစိုးရိမ်လာရတာ၊ မိသားစုထံမှ စာတွေမဝင်တာနဲ့ အထူးသဖြင့် စစ်သည်တွေရဲ့စိတ်ပိုင်းဆိုင်ရာအခြေအနေတွေက ပုံမှန်မဟုတ်တာတွေပါဝင်ပါတယ်။

USS Abraham Lincoln အနေနဲ့ အရှေ့အလယ်ပိုင်းမှာတာဝန်ထမ်းဆောင်နေစဉ် ရက်ပေါင်း ၂၅၀ ကျော်အတွင်းမှာ ရက် ၂၀၀ ကျော်ကြာတဲ့အထိ ဆိပ်ကမ်းကိုတစ်ခါမျှ မကပ်ရသေးပါဘူး။ ဒါဟာ ပင်လယ်ပြင်မှာ ရက်ပေါင်းများစွာကြာဆက်တိုက်နေထိုင်မှုစံချိန်တင်သွားပါတယ်။

**Ref: SCMP**

## ဂျပန်မှာမိုးကြီးလို့ လူရှစ်ဦးသေဆုံးပြီး ထောင်ပေါင်းများစွာ လေဆိပ်မှာသောင်တင်နေ

**တိုကျို၊ ရာသီဥတု**

ဂျပန်နိုင်ငံ ချီဘားစီရင်စုရဲ့ဒေသများစွာမှာ မိုးကြီးပြီးရေလွှမ်းမိုးမှုဖြစ်ပွားခြင်းကြောင့် လူရှစ်ဦးသေဆုံးပြီး ထောင်ပေါင်းများစွာဟာ တိုကျိုမြို့ရှိ နာရီတာလေဆိပ်ထဲမှာသောင်တင်နေတယ်လို့သိရပါတယ်။ ဩဂုတ်လ ၁၄ ရက်အထိ ၂၄ နာရီအတွင်း ရွာသွန်းတဲ့မိုးရေချိန်ဟာ ၃၆၀ မီလီမီတာရှိပါတယ်။ ဒီလောက်အထိများပြားလှတဲ့ မိုးများကြောင့် ကားလမ်းများ၊ ရထားလမ်းများရေလွှမ်းခံရပြီး အိမ်ခြေ ၂၅၀၀၀ နီးပါးမှာလည်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနဲ့ရင်ဆိုင်နေရပါတယ်။

သေဆုံးသူရှစ်ဦးထဲမှာ ရေလွှမ်းခံရတဲ့ကားအတွင်းပိတ်မိပြီးသေဆုံးရသူတစ်ဦးလည်းပါဝင်တယ်လို့ တာဝန်ရှိသူများနဲ့ ရဲတပ်ဖွဲ့ရဲ့ပြောဆိုချက်ကို ကိုးကားကာ သတင်းဌာနများကဖော်ပြထားပါတယ်။ “လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတွေက ပုံမှန်မဟုတ်ပါဘူး။ ဒီလိုအခြေအနေမျိုးဆိုတာကလည်း ဂျပန်နိုင်ငံရဲ့မိုးလေဝသစံချိန်စံညွှန်းတွေထဲမှာမရှိခဲ့ပါဘူး။ အရင်တုန်းကလည်း သဘာဝဘေးတွေကို ကိုင်တွယ်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အခုလိုအခြေအနေမျိုးကိုတော့ မကြုံဖူးပါဘူး” ဆိုပြီး ချီဘာစီရင်စုအုပ်ချုပ်ရေးမှူး တိုရှီဟီတို ကူမာဂါအီက ပြောပါတယ်။

အခုဖြစ်ပွားတဲ့ သဘာဝဘေးကြောင့် လမ်းပန်းဆက်သွယ်ရေးတွေနှောင့်နှေးရပြီး လေကြောင်းခရီးစဉ်များကိုလည်း ဆိုင်းငံ့ထားရတဲ့အတွက် နာရီတာလေဆိပ်ထဲမှာ လူပေါင်း ၇၀၀၀ ကျော်လောက်ပိတ်မိနေပါတယ်။ လေဆိပ်ဝန်ထမ်းများကတော့ လေဆိပ်ထဲမှာရှိနေသူတွေအတွက် ရေနဲ့အစားအစာအပြင် အိပ်ရာလိပ်များကိုပါ အခမဲ့ကူညီပေးနေတယ်လို့ ခရီးသည်တစ်ဦးကပြောထားပါတယ်။

**Ref: SCMP**



## အိန္ဒိယမှာ ရေအားလျှပ်စစ်စီမံကိန်းမှ ဆောက်လုပ်ဆဲဥမင်လိုဏ်ခေါင်း ပြိုကျ၍ လူခုနစ်ဦးသေဆုံး

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံ ချာမိုလီခရိုင်မှာအကောင်အထည်ဖော်လျက်ရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းမှ ဆောက်လုပ်ဆဲဥမင်လိုဏ်ခေါင်း ပြိုကျမှုဖြစ်ပွား၍ လူခုနစ်ဦးသေဆုံးခဲ့ရတယ်လို့ တာဝန်ရှိသူများက ဩဂုတ်လ ၁၄ ရက်မှာပြောပါတယ်။ လိုဏ်ခေါင်းပြိုကျမှုက ဩဂုတ်လ ၁၃ ရက်ညပိုင်းမှာဖြစ်ပွားတာပါ။ ဖြစ်စဉ်ဖြစ်လျှင်ဖြစ်ချင်းမှာပင် ကူညီကယ်ဆယ်ရေးအဖွဲ့များက လိုဏ်ခေါင်းထဲဝင်ပြီး အပျက်အစီးများအောက်မှာရှိနေတဲ့သူများကို ကယ်ထုတ်ခြင်းများလုပ်ခဲ့ပါတယ်။ လိုဏ်ခေါင်းပြိုကျချိန် အဲဒီထဲမှာ အလုပ်လုပ်နေသူ ၂၂ ဦးရှိပါတယ်။ လက်ရှိမှာတော့ ၁၂ ဦးကို အသက်ရှင်လျက် ကယ်ထုတ်ထားနိုင်ပြီး သုံးဦးကတော့ ပျောက်ဆုံးနေဆဲဖြစ်တယ်လို့ ဥတ္တရာခန်းပြည်နယ်ဝန်ကြီးချုပ် ပုရှကာဆင်းဒါမီက ပြောထားပါတယ်။

“ကျွန်တော်တို့အဖွဲ့အနေနဲ့ လိုဏ်ခေါင်းပြိုကျတဲ့နေရာကိုရောက်သွားချိန် အထဲမှာရေတွေအများကြီးရှိနေပါတယ်။ အဲဒီရေတွေက ဘေးနံရံတွေကနေ စိမ့်ထွက်လာနေတာပါ။ အဲဒီအချိန်ကစလို့ ရေတွေအများကြီးတက်လာတာဖြစ်ပါတယ်” လို့ အမျိုးသားသဘာဝဘေးကယ်ဆယ်ရေးအဖွဲ့မှူး အမ်မရစ်လယ်မီးနာက ပြောပါတယ်။

ဟိမဝန္တာဒေသမှာ ရေအားလျှပ်စစ်စက်ရုံစီမံကိန်းတည်ဆောက်တဲ့အခါ တောင်တန်းတွေရဲ့ ဘူမိအခြေအနေနဲ့ မျှော်လင့်ထားလို့မရနိုင်တဲ့ မြေအောက်အခြေအနေများစွာကြောင့် ဥမင်လိုဏ်ခေါင်းတွေတူးဖော်ဆောက်လုပ်တဲ့အခါ အန္တရာယ်များစွာနဲ့ကြုံတွေ့ရတာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်တုန်းကလည်း ဥတ္တရာခန်းပြည်နယ်ထဲမှာ လိုဏ်ခေါင်းပြိုကျမှုဖြစ်ပွားပြီး အလုပ်သမား ၄၁ ဦးဟာ ၁၇ ရက်ကြာ ပိတ်မိနေခဲ့ရပါတယ်။

**Ref: SCMP**

# (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားနည်းများအလိုက် စခန်းသွင်းလေ့ကျင့်လျက်ရှိ



ရန်ကုန် ဩဂုတ် ၁၄

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အလေးမ၊ ကျွမ်းဘား၊ ဝူရှူး၊ ခရစ်ကက်၊ Teqball၊ မသန်စွမ်းအားကစား၊ ဘော်လီဘောနှင့် သေနတ်ပစ်အားကစားအဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ သက်ဆိုင်ရာအားကစားကွင်း၊ အားကစားရုံများ၌ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်းသိရသည်။

ထိုသို့ ကျိုက္ကဆံအားကစားကွင်း အားကစားရုံများ၌ စခန်းသွင်းလေ့ကျင့်နေမှု၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၊ ဘော်လီဘောအားကစားရုံ၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်တို့၌ (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ (၅)ကြိမ်မြောက်အာရှမသန်စွမ်းအားကစားပြိုင်ပွဲနှင့် (၁၄)ကြိမ်မြောက်အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင် အားကစားသမားများ၏ စခန်းသွင်းလေ့ကျင့်နေမှုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးပြီး ပြိုင်ပွဲသို့အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိရေးအတွက် ယခုကစ၍ စနစ်တကျအားသွန်ခွန်စိုက် ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်က ခင်းကျင်းပြသထားသည့် လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲဝင်သုံးအထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပန်ကြပ်ဆီလပ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပန်ကြပ်ဆီလပ်ဒိုင်သင်တန်း(၁/၂၀၂၆) သင်တန်းဆင်းပွဲသို့တက်ရောက်အမှာစကား ပြောကြား၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

---

## ■ ■ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်မှ

**ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား)**

**ဗိုလ်လုပွဲ**အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပိုင်းပွဲကစားချိန် ၆ မိနစ် ၃၇ စက္ကန့်တွင်ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၇) ငြိမ်းမင်းစိုးက ပထမဦးဆောင်ဂိုးကိုလည်းကောင်း၊ ပွဲကစားချိန် ၁၁ မိနစ် ၄၅ စက္ကန့်တွင် ကျောနံပါတ်(၇) ထွန်းအောင်ကျော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအတွက် ပထမဦးဆုံးချေပဂိုးကိုသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၁၇ မိနစ် ၂၄ စက္ကန့်တွင်ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၁) ထွဋ်ဝေထွန်းက ဒုတိယဂိုးကိုလည်းကောင်း၊ ပထမပိုင်းပွဲပြီးရန် ၁ မိနစ် ၄၀ စက္ကန့်အလိုတွင် ကျောနံပါတ်(၁၁)နိုင်ထွန်းလူက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအတွက် ဒုတိယချေပဂိုးကိုလည်းကောင်း ထပ်မံသွင်းယူပေးခဲ့သည်။

ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့်အတွက် နှစ်သင်းစလုံး အကြိတ်အနယ် အနိုင်ဂိုးများအပြန်အလှန်သွင်းယူခဲ့ကြရာ ဒုတိယပိုင်းပွဲပြီးဆုံးချိန်တွင် နှစ်သင်းစလုံးတစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြစ်နေသည့်အတွက် အချိန်ပို ၅ မိနစ် နှစ်ပိုင်းထပ်မံယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး ၃ ဂိုးဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာအကောင်းဆုံးဂိုးသမားဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှကျောနံပါတ်(၂)မင်းခန့်အောင်အားဆုဖလား(Trophy)နှင့် ဂုဏ်ပြုဆုကြေးငွေကျပ်နှစ်သိန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လည်းကောင်း၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းမှကျောနံပါတ် (၁၁) နိုင်ထွန်းလူအား ဆုဖလား(Trophy) နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် နှစ်သိန်းကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်ကလည်းကောင်း၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား ဆုဖလား (Trophy) နှင့် ဂုဏ်ပြုဆုကြေးငွေကျပ်ငါးသိန်းကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်ကလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် ၁၅ သိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူကလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ဂုဏ်ပြုဆုကြေးငွေကျပ် ၁၅ သိန်းကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေး ငွေကျပ်သိန်း ၅၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်ကလည်းကောင်း၊ ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ်သိန်း ၁၀၀ နှင့် အမျိုးသားတံခွန်စိုက်ဆုဖလားတို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း ပေးအပ်ကြသည်။

မြန်မာ့အားကစားကဏ္ဍတိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် Mass Sports မှ Excellent Sports အဆင့်ထိရောက်ရှိစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား)ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဩဂုတ်လ ၃ ရက် မှ ၁၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ၁၂ ရက်ကြာကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၂၅ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားအင်အား ၄၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

---

○ **Hyumdai ASEAN Championship မှ**

မလေးရှားအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ်လ ၁၈ ရက် ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့်စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ်လ ၁၉ ရက် ည ၇ နာရီခွဲတွင်ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များအား ဩဂုတ်လ ၂၂ ရက်နှင့် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအား MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**မြဝတီ**

---

▲ **ရိုးရာလက်ဝှေ့မှ**

အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို (ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို(ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသမီး ၄၈ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းမှ အောင်လင်းဦး(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စောသိန်းဇော်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ စောသိန်းဇော် (အပြာ)က လည်းကောင်း၊ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝေနိုင်ဦး(အနီ)နှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ထက်ပိုင်စိုး(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ထက်ပိုင်စိုး(အပြာ) ကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရှိန်းထက်ကျော်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အောင်ချစ်ကြည် (အပြာ)တို့ယှဉ်ပြိုင်ခဲ့ရာ အောင်ချစ်ကြည်(အပြာ)က လည်းကောင်း၊ အမျိုးသား ၅၁ ကီလိုတန်း (ဂ အဆင့်) ပြိုင်ပွဲတွင်ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စိုးမိုးလွင်(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ လိန်းဟုန်(အပြာ)တို့ယှဉ်ပြိုင်ခဲ့ရာ စိုးမိုးလွင်(အနီ)ကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ချမ်းမြေ့နိုင်(အနီ) နှင့်ပဲခူးတိုင်းဒေသကြီးအသင်းမှကောင်းခန့်ကျော်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ကောင်းခန့်ကျော်(အပြာ)ကလည်းကောင်း၊ကချင်ပြည်နယ်အသင်းမှ ဆွတ်မျိုးထွယ် (အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ မင်းသစ္စာ(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ မင်းသစ္စာ(အပြာ)ကလည်းကောင်း၊ အမျိုးသား ၆၀ ကီလိုတန်း (ဂအဆင့်)ပြိုင်ပွဲတွင်စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ဆန်းလင်းအောင်(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ခခရန်မျိုးဂျက်ခေါင် (အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ ခခရန်မျိုးဂျက်ခေါင် (အပြာ) ကလည်းကောင်း၊ ကချင်ပြည်နယ် အသင်းမှ အောင်လင်းဦး(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ စန်းကိုကို(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ အောင်လင်းဦး(အနီ)ကလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှစောသန့်ဇင်ဦး(အနီ) နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရဲမွန်ကျော်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ စောသန့်ဇင်ဦး(အနီ) ကလည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို(ဂ အဆင့်) ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ သီဟ (အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ထွန်းထွန်းထက်(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ သီဟ(အနီ)ကလည်းကောင်း၊ ရှမ်းပြည်နယ် အသင်းမှ စည်သူအောင်(အနီ)နှင့် ဧရာဝတီ တိုင်းဒေသကြီးအသင်းမှ စထက်လင်း (အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ စထက်လင်း(အပြာ) ကလည်းကောင်း၊ အမျိုးသမီး ၄၈ ကီလို ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ပန်းသဇင်မြင့်(အနီ)နှင့် မန္တလေးတိုင်းဒေသကြီး အသင်းမှ မလောမံ(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ မလောမံ(အပြာ)ကလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ သဲမြတ်မွန်(အနီ)နှင့် ကရင် ပြည်နယ်အသင်းမှ အေးအေးနွယ်(အပြာ) တို့ ယှဉ်ပြိုင်ခဲ့ရာ အေးအေးနွယ် (အပြာ)က လည်းကောင်း၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲ တွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ထားဗိုလ်(အနီ)နှင့် ရန်ကုန်တိုင်းဒေသ ကြီးအသင်းမှ နော်အယ်ဆဲဖော(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ သက်ထားဗိုလ်(အနီ)ကလည်း ကောင်း၊ မွန်ပြည်နယ်အသင်းမှ နော်ပွင့် ချောစု(အနီ)နှင့် ကယားပြည်နယ်အသင်းမှ ပိုးပိုးဥ(အပြာ)တို့ ယှဉ်ပြိုင်ခဲ့ရာ နော်ပွင့် ချောစု(အနီ)ကလည်းကောင်းအသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ဩဂုတ်လ ၁၅ ရက်ပြိုင်ပွဲပွဲစဉ်များအဖြစ် အမျိုးသား ၆၀ ကီလိုလူသစ်တန်း (ကွာတားဖိုင်နယ်) ပြိုင်ပွဲ ၊ အမျိုးသား ၆၃ ဒသမ ၅ ကီလိုလူသစ်တန်း(ကွာတားဖိုင်နယ်) ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို (ဂ အဆင့်) (ကွာတားဖိုင်နယ်)ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို(ဂ အဆင့်) (ကွာတားဖိုင်နယ်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၄ ကီလို(ကွာတားဖိုင်နယ်) ပြိုင်ပွဲကို ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို**အခမဲ့** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဩဂုတ်လ ၁၃ ရက်မှ ၂၀ ရက်အထိ သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

---

● **MNL U – 20 မှ**

အသင်းနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲရရှိခဲ့ကြသည်။

YUSC ကွင်းတွင်ကစားသည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE တို့ဆုံတွေ့သည့်ပွဲသည် အမှတ်ပေးဇယားအဆင့်(၁) နေရာမှ ISPE အသင်းနှင့် အမှတ်ပေးဇယားအဆင့်(၂)နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းတို့အားပြိုင်သည့် ပြိုင်ပွဲတစ်ပွဲဖြစ်ပြီး ပွဲကောင်းတစ်ပွဲလည်းဖြစ်ခဲ့သည်။ ပွဲကစားချိန် မိနစ် ၄၀ အရောက်တွင် ISPE ကစားသမား ကောင်းခန့်ကျော် ပြိုင်ဘက်ကစားသမားကို ဂိုးဧရိယာအတွင်း ဟန့်တားဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် ပယ်နယ်တီပေးခဲ့ရပြီး အသင်းခေါင်းဆောင်ခွန်ချိုထူးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းယူပေးခဲ့သည်။ မမျှော်လင့်ဘဲ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရ၍ ISPE အသင်းတိုက်စစ်မြှင့်ကစားလာခဲ့ရာ ပွဲကစားချိန် ၄၅+၁ တွင် မာန်ရဲလေးက ပြန်လည်သွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင်နှစ်ဖက်ကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်ကြသော်လည်း ISPE အသင်းကသာ ပွဲကိုဦးဆောင်နိုင်ခဲ့ပြီး ပွဲကစားချိန် ၅၉ မိနစ်နှင့် မိနစ် ၇၀ တို့တွင် မင်းကိုခန့်က ဒုတိယဂိုးနှင့် တတိယဂိုးတို့ကိုသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ISPE အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိကာ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်ခဲ့ကြောင်းသိရသည်။

**ဝန်းရံခ**

## သာယာဝတီမြို့နယ်၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**သာယာဝတီ ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ခရိုင်အဆင့်(၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို သာယာဝတီမြို့နယ်ဆရာစံခန်းမ၌ ဩဂုတ်လ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ (၂၇) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး အခြေခံပညာ(၁၀-၁၅) အဆင့်ပြိုင်ပွဲဝင် လေးဦး၊ ဝါသနာရှင် (ဒုတိယအဆင့်)ပြိုင်ပွဲဝင် သုံးဦးတို့က အဆိုခေတ်ဟောင်းကာလပေါ်သီချင်းဖြင့် ယှဉ်ပြိုင်ကြပြီး အတီးပြိုင်ပွဲတွင် ဝါသနာရှင် (ဒုတိယအဆင့်) ပြိုင်ပွဲဝင် ဝါသနာရှင် လေးဦး၊ မယ်ဒလင်အခြေခံပညာ(၁၅-၂၀) အဆင့်ပြိုင်ပွဲဝင် ဝါသနာရှင် နှစ်ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

အခမ်းအနားသို့ သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော



**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၃ ရက်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)ခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားမှူးက စာရေးဆရာ ကိုရွှေအောင်သင်း၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားသည်။

ဆက်လက်၍ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အသိပညာပေးဟောပြောကာကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့်မေးခွန်းများအပေါ် ပြန်လည်ဖြေကြားပြီး မေးခွန်းများမေးမြန်းဆွေးနွေးခဲ့ကြသည့်ကျောင်းသားများအား အမှတ်တရလက်ဆောင်နှင့် ကိုယ်တိုင်ရေးစာအုပ်များကို ပေးအပ်သည်။

ယင်းနောက်နေပြည်တော်စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တာက အစိုးရစက်မှုလက်မှု သိပ္ပံ(နေပြည်တော်) စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းအား ဂါဝရပြုလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် လူငယ်ရေးရာအသိပညာပေးစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(၄၀၂)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၄ ရက် နံနက်ပိုင်းတွင် အမှတ် (၁) ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးဝင်းနိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းက သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့်ဆိုင်သော အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက လူငယ်ရေးရာဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ဟောပြောခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းဆိုင်ရာ အသိပညာပေးပိုစတာကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးဝင်းနိုင်စိုးနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းတို့က အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြသည်။

ဆက်လက်ပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ မူးယစ်ဆေးဝါးအမျိုးအစားများ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

**အိမ်ပြင်ပ၌ မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မြို့နယ်ပညာရေးမှူးဖလား အသက် (၁၈)နှစ်အောက် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**လားရှိုး ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့နယ်အားကစားကွင်းကြီး၌ ဩဂုတ်လ ၁၃ ရက်က ၂၀၂၆ -၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အသက် (၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပကြောင်းသိရသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးအေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးထွန်းမှအားကစားပစ္စည်းများ ပံ့ပိုးပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းမော်က လက်ခံရယူသည်။

ထို့နောက် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြသည့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုကိုအားပေးကြည့်ရှုကြသည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြပြီး ပြိုင်ပွဲကို အမျိုးသားဘောလုံးအသင်း ၂၀ သင်းနှင့်အမျိုးသမီးအသင်း ၇ သင်းတို့ဖြင့် ဩဂုတ်လ ၁၃ ရက်မှ ၂၉ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်လင်း၊ (၆၀၈)

## လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြသ



**နတ်မောက် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည်တမာပင်ရပ်ကွင်းအမှတ်(၄၇၆) တောင်သူဦးဇော်ဝင်းနိုင်၏ စိုက်ပျိုးမြေ နှစ်ဧက၌ ဆာဖိုးသာစပါးမျိုးအား ဩဂုတ်လ ၁၃ ရက်တွင် (Seeder) စိုက်စနစ်လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းတောင်သူပညာပေးကွင်းသရုပ်ပြပွဲကျင်းပသည်။

သရုပ်ပြပွဲတွင် နတ်မောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိဒေါ်မြင့်မြင့်ချိုက နတ်မောက်မြို့နယ်၌ မိုးစပါး ၂၄၉၉၉ ဧကစိုက်ပျိုးရန် လျာထားပြီး ပျိုးထောင်စိုက်စနစ်တိုက်ရိုက်စိုက်ပျိုးသည့် (Seeder)စိုက်စနစ် လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးလျက်ရှိရာ တစ်ဧကအပင်ဦးရေပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ စိုက်စနစ်မှန်ကန်စေရေး၊ မျိုးစေ့ကုန်ကျမှုနည်းပါးစေရေး၊ ကောက်စိုက်ရာတွင် လူအင်အားအသုံးပြုမှု နည်းပါးခြင်းနှင့် သက်သောင့်သက်သာစိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းများတွင်ကျယ်၍ ပြီးစီးမှုပိုမိုခြင်းစသည့်အချက်များဖြင့် လုပ်ငန်းအဆင့်ဆင့်တို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့်ဒေသခံတောင်သူများက မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြနေမှုအား ကြည့်ရှုခဲ့ကြကြောင်းသိရသည်။ **လှဝင်း**

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဒိုင်းဆုရရှိသော မင်္ဂလာဒုံ တပ်နယ်ကိုယ်စားပြုအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၁၄

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မင်္ဂလာဒုံ တပ်နယ်ကိုယ်စားပြုအသင်းနှင့် တိုက်ကြီး တပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုများ၊ အကောင်းဆုံးအားကစားသမားဆု၊ ပွဲစဉ်အလိုက် အကောင်းဆုံးအသင်းဆုရရှိသူများအား တာဝန်ရှိသူများက လည်းကောင်း၊ ဒိုင်းဆုရရှိသော မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းအား တိုင်းမှူးက လည်းကောင်း ဂုဏ်ပြုဆုနှင့် ဒိုင်းဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များနှင့် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်းဖြင့် ဩဂုတ်လ ၁၀ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စက်တင်ဘာလ ၁ ရက်မှစတင်၍ YBS ယာဉ်စီးခ ငွေကျပ် ၂၀၀ ကို ငွေကျပ် ၃၀၀ ယာဉ်စီးခငွေကျပ် ၄၀၀ ကို ငွေကျပ် ၆၀၀ သို့ ပြောင်းလဲကောက်ခံသွားမည်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီးအတွင်းပြေးဆွဲလျက်ရှိသည့် YBS ယာဉ်များ ပိုမိုထွက်ရှိနိုင်ရန်နှင့် ပြင်ဆင်စရိတ်ကြီးမြင့်မှုအားကုစားနိုင်ရန် ယာဉ်စီးခနှုန်းထားများပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)၌ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

YBS ယာဉ်များပြေးဆွဲမှုလျော့နည်းခြင်းမှာ ယာဉ်ပြင်ဆင်မှုများဆောင်ရွက်နေခြင်းဖြစ်ပြီး ယာဉ်များပြုပြင်ရန်အပိုပစ္စည်းဝယ်ယူစရိတ်များသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ နှစ်အလိုက်တိုးမြင့်မှုများရှိကာ ဘက်ထရီအုပ်စုတွင် ၂၆၅ ရာခိုင်နှုန်း၊ ကားအပိုပစ္စည်းအုပ်စုတွင်၃၂၇ ရာခိုင်နှုန်း၊ ဘရိတ်အုပ်စုတွင် ၄၈၃ ရာခိုင်နှုန်း၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းအုပ်စုတွင် ၅၆၆ ရာခိုင်နှုန်း၊ အင်ဂျင်ဝိုင်နှင့်ဆီအုပ်စုတွင် ၂၀၄ ရာခိုင်နှုန်း၊ အခြားအုပ်စုတွင် ၁၀၈၀ ရာခိုင်နှုန်း၊ ဆင်ဆာနှင့်လျှပ်စစ်ပစ္စည်းအုပ်စုတွင် ၃၀၆ ရာခိုင်နှုန်း၊ တာယာအုပ်စုတွင် ၃၇၄ ရာခိုင်နှုန်းတိုးမြင့်လျက်ရှိကြောင်း သိရသည်။

ယာဉ်စီးခနှုန်းထားပြောင်းလဲကောက်ခံခြင်းကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိ YBS ယာဉ်စီးခငွေကျပ် ၂၀၀ ကောက်ခံမှုအစား ငွေကျပ် ၃၀၀ သို့လည်းကောင်း၊ လက်ရှိ ငွေကျပ် ၄၀၀ ကောက်ခံမှုအစား ငွေကျပ် ၆၀၀ သို့လည်းကောင်း ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကာ YPS ကတ်များကိုပါ အဆိုပါနှုန်းထားနည်းတူ တစ်ပြိုင်တည်းပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ




# ရောဝတီမြစ်ရေ မင်းဘူး၊ မကွေးနှင့် ပြည်မြို့တို့တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၄

ရောဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂၂ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် မကွေးမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၃၅ စင်တီမီတာအလိုတွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် ပြည်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂၈ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်နှင့် ပြည်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | |
|---|---|
| ပထမပတ် | - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - အသက်(၅)နှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# ညောင်တုန်းမြို့၌ ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ) ကျင်းပ



ညောင်တုန်း ဩဂုတ် ၁၄

ညောင်တုန်းမြို့နယ်ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းက ဦးဆောင်ကာ ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ (လက်ချည်ပွဲ) ကို ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့ အမှတ်(၃)ရပ်ကွက်ရှိမြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါပွဲကို ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင် မန်းငြိမ်းမောင်၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး မန်းသိန်းကျော်နှင့် မြို့နယ် ကရင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းနာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလတို့က မင်္ဂလာဖားစည်ကိုးချက်တီး၍ ဖွင့်လှစ်ပေးပြီး ကရင်အမျိုးသားအလံတော်အား အလေးပြုကြသည်။

ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ (လက်ချည်ပွဲ) တွင်ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင်နှင့် တာဝန်ရှိသူများက အမှာစကားများပြောကြားကြပြီး လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အတွင်းရှိ ကရင်တိုင်းရင်းသားများနှင့်အတူ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)ကို ကျင်းပကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲ တောင်ငူမြို့၌ကျင်းပ

တောင်ငူ ဩဂုတ် ၁၄

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးရှိ အောင်မင်္ဂလာခန်းမ၌ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်ပြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အဆိုပြိုင်ပွဲ (အခြေခံ ၁၀-၁၅၊ အဆင့်မြင့်ပညာ၊ ဝါသနာရှင် ဒုတိယ၊ အခြေခံ ၁၅-၂၀) တွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၁၄ ဦး၊ အကပြိုင်ပွဲ (အခြေခံ ၁၀-၁၅၊ အဆင့်မြင့်ပညာ၊ ဝါသနာရှင် ဒုတိယ၊ ကဗျာလွတ်)တွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၂၇ ဦး၊ အတီးပြိုင်ပွဲ (အခြေခံ ၁၀-၁၅၊ အခြေခံ ၁၅-၂၀၊ ဝါသနာရှင်ပထမ၊ ဝါသနာရှင် ဒုတိယ၊ အဆင့်မြင့်ပညာ)တွင် ဆိုင်းဝိုင်းကြီး၊ တစ်ကိုယ်တော်ဆိုင်း၊ စန္ဒရား၊ ပတ္တလား၊ မယ်ဒလင်၊ တယော၊ ဒုံမင်း၊ အိုးစည်၊ ဒိုးပတ်တို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သူ ၃၆ ဦး စုစုပေါင်း ၇၇ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ တာဝန်ရှိသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နယ်သာလန်အသင်းက ၁၉၇၈ ခုနှစ်နောက်ပိုင်း ပထမဆုံးပြည်ပနည်းပြအဖြစ် နည်းပြဇာဗီအား ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအထိခန့်အပ်




အမ်စတာဒမ် ဩဂုတ် ၁၄

နယ်သာလန်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ၁၉၇၈ ခုနှစ်နောက်ပိုင်း ပထမဆုံး ပြည်ပနည်းပြအဖြစ် စပိန်လူမျိုးနည်းပြဇာဗီအား ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။

နယ်သာလန်အသင်းသည် ၁၉၇၈ ခုနှစ်က နယ်သာလန်လူမျိုးနည်းပြမဟုတ်သည့် ပြည်ပနည်းပြအဖြစ် ဩစတြီးယားလူမျိုးနည်းပြ နက်စ်ဟက်ပယ်အား ခန့်အပ်ခဲ့ဖူးပြီး နောက်ပိုင်းနှစ်များတွင် ပြည်ပနည်းပြခန့်အပ်ခြင်းမရှိဘဲ ပြည်တွင်းနယ်သာလန်လူမျိုးနည်းပြများကိုသာ နှစ်ပေါင်းကာလရှည်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ၄၈ နှစ်အတွင်း ပထမဆုံးပြည်ပနည်းပြအဖြစ် နည်းပြဇာဗီအား ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နယ်သာလန်အသင်းသည် အုပ်စုအဆင့်မှကျော်ဖြတ်နိုင်ခဲ့သော်လည်း ၃၂ သင်းရှုံးထွက်အဆင့်တွင် မော်ရိုကိုအသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာရပြီးနောက် နည်းပြကိုးလ်မန်းအနေဖြင့် ရာထူးမှနုတ်ထွက်ခဲ့သည့်အတွက် နည်းပြနေရာလစ်လပ်နေခြင်းဖြစ်သည်။

နည်းပြဇာဗီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက စပိန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားတစ်ကြိမ်နှင့် ယူရိုဖလားနှစ်ကြိမ်ရယူထားနိုင်သကဲ့သို့ ဘာစီလိုနာအသင်းနှင့်လည်း ချန်ပီယံလိဂ်ဖလား၊ စပိန်လာလီဂါဖလားအပါအဝင် ဆုဖလားအများအပြားဆွတ်ခူးနိုင်ခဲ့ပြီး အသင်းဂန္ထဝင်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသူဖြစ်သည်။ ဇာဗီသည် ၂၀၁၉ ခုနှစ်က ကစားသမားဘဝမှ အနားယူပြီးနောက် ကာတာကလပ် အယ်ဆက်အသင်းနည်းပြအဖြစ် နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့သူဖြစ်သည်။

ထို့နောက် နည်းပြဇာဗီသည် ၂၀၂၁ ခုနှစ်က ဘာစီလိုနာအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ပြီး စပိန်လာလီဂါဖလားဆွတ်ခူးနိုင်ခဲ့ကာ အောင်မြင်မှုရရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ်က ရလဒ်ဆိုးများကြောင့် ဘာစီလိုနာအသင်းနှင့်လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေရာမှ နယ်သာလန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံရခြင်းဖြစ်သည်။ နည်းပြဇာဗီသည် နယ်သာလန်အသင်းကို စက်တင်ဘာလ ၂၅ ရက်တွင် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားမည့် ဂျာမနီအသင်းနှင့်ပွဲ၌ စတင်ကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

Ref:Mirror

## လက်ရှိကစားသမားအပြောင်းအရွှေ့ကာလ သတင်းအတိုများ

- နာပိုလီအသင်းက ချယ်လ်ဆီးအသင်းမှ ခံစစ်ကစားသမား ဘာဒီယာချီလီအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင်လည်း ယူရို ၂၇ သန်းဖြင့် အပြီးသတ်ဝယ်ယူခွင့်အချက်ပါ စာချုပ်ချုပ်ဆိုခဲ့သည်။
- အက်သလက်တီကိုအသင်းက စပါးအသင်းမှ ခံစစ်ကစားသမား ရှိမဲရိုးအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိထားပြီး ပြန်လည်ရောင်းချမည်ဆိုပါက စပါးအသင်းက ၁၅ ရာခိုင်နှုန်းရရှိမည့်သဘောတူညီချက်ကိုပါ ထည့်သွင်းချုပ်ဆိုခဲ့သည်။
- မန်စီးတီးအသင်းက ချယ်လ်ဆီးအသင်းမှ အဓိကကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်အားခေါ်ယူနိုင်ရန်နီးစပ်နေပြီး မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြစ်သည့် ယူရို သန်း ၁၂၀ အထိ ပေးချေရဖွယ်ရှိနေသည်။
- စပါးအသင်းက ပြောင်းရွှေ့ကြေးယူရို ၇၅ သန်းသတ်မှတ်ထားသည့် ချယ်လ်ဆီးအသင်းမှ တောင်ပံကစားသမား ဂူစတိုအားခေါ်ယူရန် ကြိုးပမ်းနေပြီး ပီအက်စ်ဂျီအသင်းကလည်းခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေသည်။
- အယ်ကွာဆက်အသင်းက မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ရီကျင်ဒါအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူနိုင်ရန် နီးစပ်နေသည်။

# ကမ္ဘာ့အားကစားသမိုင်းတွင် LA Lakers ဘတ်စကက်ဘောအသင်းရောင်းချမှု စံချိန်တင်




ဝါရှင်တန် ဩဂုတ် ၁၄

လက်ရှိကမ္ဘာ့အားကစားသမိုင်းတွင် အားကစားဆိုင်ရာအသင်းများ စံချိန်တင်ရောင်းချမှုအဖြစ် အသင်းပိုင်ရှင် မတ်ဝေါလ်တာက LA Lakers ဘတ်စကက်ဘောအသင်းကို ရောင်းချနိုင်ခဲ့သည်။

အမေရိကန်ထိပ်တန်းဘတ်စကက်ဘောအသင်းတစ်သင်းဖြစ်သည့် LA Lakers ဘတ်စကက်ဘောအသင်းပိုင်ရှင် မတ်ဝေါလ်တာသည် အသင်းကို စံချိန်တင်တန်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံဖြင့် ရောင်းချနိုင်ပြီးနောက် လက်ရှိအားကစားသမိုင်းတစ်လျှောက်တွင် တန်ကြေးအကြီးမားဆုံးသောရောင်းချမှုအဖြစ် စံချိန်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

LA Lakers ဘတ်စကက်ဘောအသင်းကို ဂျယ်ရီဘတ်စ်မိသားစုက ၁၉၇၉ ခုနှစ်က Los Angeles Kings ဟော်ကီအသင်းနှင့်အတူ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၅ သန်းဖြင့် ဝယ်ယူခဲ့ပြီးနောက် ၂၀၂၅ ခုနှစ်က LA Lakers ဘတ်စကက်ဘောအသင်းကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖြင့် ပြန်လည်ရောင်းချခဲ့ခြင်းဖြစ်သည်။

မတ်ဝေါလ်တာသည် LA Lakers ဘတ်စကက်ဘောအသင်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာလက အသင်းပိုင်ရှင်ဟောင်း ဂျယ်ရီဘတ်စ်မိသားစုထံမှ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အသင်းကို တစ်နှစ်အကြာတွင် စံချိန်တင်ရောင်းချမှုအဖြစ် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံဖြင့် ပြန်လည်ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

LA Lakers ဘတ်စကက်ဘောအသင်းကို မတ်ဝေါလ်တာထံမှ လက်ရှိအမေရိကန်စီးပွားရေးလုပ်ငန်းရှင် ဂျို့စ်ကုနာနှင့် ဒစ်စတီလန်း စီအီးအိုဟောင်း ဘော့ဘ်အိုင်ဂါတို့က ပူးပေါင်းဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;KVEC News

# နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးဗိုလ်လုပွဲတွင် စဝီယာတက်ခ်က ကာဇက်စတန်တင်းနစ်မယ် ရိုင်ယာကီနာနှင့်ကစားရမည်

တိုရွန်တို ဩဂုတ် ၁၄

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပလျက်ရှိသည့် နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဆွီဒင်တင်းနစ်မယ် စဝီယာတက်ခ်က ကာဇက်စတန်တင်းနစ်မယ် ရိုင်ယာကီနာနှင့်ကစားရမည်ဖြစ်သည်။

နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် စဝီယာတက်ခ်နှင့် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာတို့ကစားခဲ့ရာ စဝီယာတက်ခ်က အနိုင်ရရှိပြီးနောက် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အလားတူ ရိုင်ယာကီနာသည်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ဂျပန်တင်းနစ်မယ် အိုဆာကာနှင့်ကစားခဲ့ရာ အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်က "ဒီနှစ်တင်းနစ်ရာသီက ကျွန်မအတွက် တကယ်ကိုခက်ခဲတဲ့ရာသီတစ်ခုပါ။ ကျွန်မအနေနဲ့ ဒီရာသီမှာ အခက်အခဲတွေနဲ့တွေ့ကြုံနေခဲ့ရတာပါ။ ကျွန်မရဲ့ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှာ ဒီနှစ်တင်းနစ်ရာသီက အခက်ခဲဆုံး တင်းနစ်ရာသီဖြစ်မယ်လို့ထင်ပါတယ်။ အခုလိုခက်ခဲနေတဲ့အချိန်မှာ နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့တာ လာမယ့်ကာလတွေအတွက် အများကြီးအထောက်အကူပြုမှာပါ။ ဗိုလ်လုပွဲအဆင့်မှာတွေ့ဆုံရမယ့် ရိုင်ယာကီနာက ထိပ်တန်းကစားသမားတစ်ဦးဖြစ်ပြီး ကျွန်မအနေနဲ့ ကြီးမားတဲ့စိန်ခေါ်မှုဖြစ်လို့ အကောင်းဆုံးပြင်ဆင်သွားမှာပါ"ဟု ပြောကြားသည်။

စဝီယာတက်ခ်သည် ယခုနှစ်အတွင်း ကျင်းပခဲ့သည့်ပြိုင်ပွဲများတွင် ရလဒ်ဆိုးများနှင့် တွေ့ကြုံခဲ့ရ၍ အောင်မြင်မှုများနှင့် ဝေးကွာနေခဲ့ရသူဖြစ်ပြီး ယခုအခါ နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှသာ ဗိုလ်လုပွဲအဆင့်သို့ ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် စဝီယာတက်ခ်သည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်(၇)နေရာ၌ ရပ်တည်နေပြီး ရိုင်ယာကီနာသည် ကမ္ဘာ့အဆင့်(၂)နေရာ၌ ရပ်တည်နေသည့် ထိပ်တန်းကစားသမားတစ်ဦးဖြစ်ကြောင်းသိရသည်။

Ref:Sportsnet.ca

# ဗန်းမော်မေတ္တာစံအိမ်လူမှုကူညီရေးအသင်း ယာယီတိမ်းရှောင်မိသားစုများအား ငွေကျပ် ၈၄၅ သိန်းကျော်တန်ဖိုးရှိ ဆန်အိတ် ၈၉၀ ထောက်ပံ့ပေးအပ်



မြစ်ကြီးနား ဩဂုတ် ၁၄

ဗန်းမော်မြို့နယ်မှ နယ်မြေလုံခြုံရေး အခြေအနေအရ မြစ်ကြီးနားမြို့သို့ လာရောက်တိမ်းရှောင်နေသော ဗန်းမော် မေတ္တာစံအိမ်လူမှုကူညီရေးအသင်း ယာယီ တိမ်းရှောင်မိသားစုများအား ငွေကျပ် ၈၄၅ သိန်းကျော်တန်ဖိုးရှိ ဆန်အိတ် ၈၉၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာယီတိမ်းရှောင်မိသားစု များအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးဝင်းအတွင်း မနောရွှေပြည်ခန်းမ၌ တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အိမ်ထောင်စုများအား ထောက်ပံ့မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသကဲ့သို့ မိုးအကုန်တွင်လည်း လိုအပ်ချက်များ ပြုပြင်ဆောင်ရွက်နိုင်ရန် စီမံထားရှိကြောင်း အားပေးစကားပြော ကြားသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီး နားမြို့ ခုတင်၅၀၀ဆံ့ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် စေတနာသွေးသန့် သွေးလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအတွက် အာဟာရဖြစ်စေသည့် အစားအသောက်များနှင့် ကျန်းမာရေးဝန်ထမ်းများ စေတနာသွေးသန့် သွေးလှူရှင်များအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယမန်နေ့ညနေပိုင်းကလည်း ငြိမ်းချမ်း သာယာဘောလုံးကွင်းဘေးရှိ မြေဧရိယာ အလျားပေ ၇၀၀ ကျော်၊ အနံပေ ၁၀၀ ကျော် အား ဂေါက်လေ့ကျင့်ရေးကွင်းအဖြစ် အကောင်အထည် ဖော်ဆောင်နိုင်ရေး မြေယာရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက် ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ငြိမ်းချမ်း သာယာ အားကစားကွင်းအတွင်း ဆက်လက်ဆောင်ရွက်မည့် အားကစား အဆောက်အအုံများအတွက် လျာထား သတ်မှတ်မှုများကို ဆွေးနွေးခဲ့ကြောင်းသိရ သည်။

ပြည်နယ်(ပြန်/ဆက်)

# ဘားအံမြို့ ယာယီရေဘေးရှောင်စခန်းများရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်

ဘားအံ ဩဂုတ် ၁၄

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင် မြစ်ရေမြင့်တက်မှုကြောင့် အနိမ့်ပိုင်းလူနေ ရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်သည့် အတွက် အဆိုပါရပ်ကွက်နေ ပြည်သူများကို ယာယီရေဘေးရှောင်စခန်းများသို့ ပြောင်း ရွှေ့နေရာချထားပေးခဲ့ရာ အမှတ်(၁)ရပ်ကွက်၊ အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်း မြကြေးမုံဆောင် ယာယီရေဘေး ရှောင်စခန်းကို ယနေ့နံနက်ပိုင်းတွင် ကရင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီး များနှင့်အတူ သွားရောက်၍ ပြည်သူများအား အားပေးစကားပြောကြားသည်။

ထို့သို့တွေ့ဆုံစဉ်လူမှုဝန်ထမ်း၊ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေ ကျပ် ၆၄၀၀၀၀၊ ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ အစ ရှိသော စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ကြသည်။



ထို့အတူ အမှတ်(၂)ရပ်ကွက်၊ ရွှေယဉ် မွှေးပြည်တော်စေတီတော်ယာယီရေဘေး ရှောင်စခန်းနှင့် အမှတ် (၅) ရပ်ကွက် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမယာယီရေဘေး ရှောင်စခန်းတို့ရှိ ရေဘေးသင့်ပြည်သူများ ကိုသွားရောက်တွေ့ဆုံအားပေးစကားပြော ကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကထောက်ပံ့သော ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေနှင့် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ သော ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကိုပေးအပ် ကြသည်။

နံနက်ပိုင်းကလည်း ဘားအံစက်မှုဇုန် အနောက်ဘက်ရှိ လျှပ်စစ်ဆည်အမှတ်(၁)၌ ကျင်းပသည့် ငါးမျိုးများ စိုက်ထည့်ပွဲသို့ တက်ရောက်၍ ငါးခုံးမကြီးကောင်ရေ ငါးသောင်းနှင့် ငါးမြစ်ချင်းကောင်ရေ ငါးသောင်း စုစုပေါင်း ငါးကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၆)သင်တန်းဆင်း

နေပြည်တော် ဩဂုတ် ၁၄

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၆)၏ သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တက္ကသိုလ်စစ်ရေးပြ ကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းက ဆုရရှိသူများ ကို ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအမှာ စကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် ဝန်ကြီးဌာနအလိုက် တာဝန်ယူကြသည့်ကဏ္ဍအလိုက်၊ အဆင့် အလိုက် လုပ်ငန်းတာဝန်များကို စဉ်ဆက် မပြတ် မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ပြီး နိုင်ငံ့ အကျိုးရှေးရှု၍ ပြည်သူ့လူထုကို အလုပ် အကျွေးပြုနေသည့် စည်းကမ်းရှိသော၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း ဖြစ်လာစေရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးနေခြင်း ဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် ပညာရပ် များကို လက်တွေ့နယ်ပယ်တွင် တွေ့ကြုံ ရမည့် အတွေ့အကြုံအသစ်များနှင့် ပေါင်းစပ်ပြီး ခေါင်းဆောင်ကောင်းများဖြစ် အောင် ကြိုးစားကျင့်ကြံလုပ်ဆောင်သွား ကြရန်လိုကြောင်း ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်က တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်း၏ဘွဲ့နှင်းသဘင်အခမ်း အနားကို ဩဂုတ်လ ၁၂ ရက်က ရတနာ ခန်းမ၌ကျင်းပပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ လက်မှတ်များပေးအပ်ခဲ့သည်။ အရာထမ်း လောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၆)သို့ သင်တန်းသား ၇၆ ဦး၊ သင်တန်းသူ ၇၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဧပြီလ ၂၇ရက်မှဩဂုတ်လ ၁၄ ရက်အထိ ဖြစ်ကြောင်းသိရသည်။

မြဝတီ

## တိမ်အသင့် အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် ဩဂုတ် ၁၄

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံ လေအားကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီ ပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နေသည်။ (မိုး/ဇလ)

## နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည် နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်မြောက် ပိုင်း)တို့တွင်နေရာစိပ်စိပ်နှင့် ကျန်တိုင်း ဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာ အနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည် တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၁၄

အမျိုးသမီးငယ်များကို တရုတ်ဇနီး မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများ ကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထံမှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ နောင်ဘိုရပ်ကွက်နေ အမျိုး သမီးငယ်၃ဦးနှင့် မယ်ဆွမ်(တောင်)ရပ်ကွက် နောင်ဟီးရပ်နေ အမျိုးသမီးငယ် ၁ ဦး တို့အား ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ် မြို့ နောင်ဘိုရပ်ကွက်နေ ဒေါ်ရီရီမြင့်နှင့် မမျိုးသန္တာတို့က မိုင်းလားမြို့ ဂိမ်းခုံများတွင် အလုပ်အကိုင်ရမည်၊ တစ်လလျှင် ငွေ ၁၀ သိန်းကျပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး မိုင်းလားမြို့မှတစ်ဆင့် တရုတ်နိုင်ငံ ရွှေလီ မြို့သို့ပို့ဆောင်၍ တရုတ်ဇနီးမယားအဖြစ် ရောင်းစားခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မိုင်းဆတ်မြို့မရဲစခန်းတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

ဩဂုတ်လ ၁၁ ရက်တွင် မိုင်းဆတ်ခရိုင် တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်ရီရီမြင့်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန်အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင် တရားခံ မမျိုးသန္တာကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်းသိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မဟာ အောင်မြေမြို့နယ် နေပူရပ်ကွက်နေ အမျိုး သမီးတစ်ဦးကို ရှမ်းပြည်နယ် လားရှိုးမြို့ ရပ်ကွက်(၁၀) နယ်မြေ(၈)၊ ချယ်ရီလမ်းနေ ရွှေမိနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ မြို့နေ မင်းခန့်တို့က တရုတ်ယောကျ်ား ယူရမည်၊ ၆ လ ပေါင်းသင်းရမည်၊ ၆ လ ပေါင်းသင်းပြီးလျှင် ပြန်လာလိုပါက ပြန်လာ နိုင်သည်၊ ငွေကျပ်သိန်း ၆၀/၇၀ ရမည်၊ တရုတ်ယောကျ်ားယူပြီးပါက မုန့်ဖိုးအဖြစ် တစ်လလျှင် ငွေကျပ် ၁၀/၂၀ သိန်းခန့် ထပ်မံရမည်ဟု ပြောဆိုစည်းရုံးပြီး အထူး ဒေသ၊ နမ့်တစ်မြို့နေ ဘရဏီနှင့်ချိတ်ဆက် ၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် လားရှိုးနယ်မြေရဲစခန်း (ပ)၈၀/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲ တင်ခဲ့ပြီး ဩဂုတ်လ ၁၃ ရက်တွင် လားရှိုး ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ရွှေမိကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မင်းခန့်နှင့် ဘရဏီတို့ ၂ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal**(www.myawady.net.mm/cadets)နှင့် **Myanmar National Portal**(https://bit.ly/4hQEmg3)တို့တွင် ကြည့်ရှု လေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၉–၆–၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၇–၈–၂၀၂၆** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆–၃၀၃၃၁၊ ၀၃၆–၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော Mobile Phone၊ Tablet၊ အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်–

(က) နေ့ရက်/အချိန် – ၂၈–၈–၂၀၂၆ ရက်နေ့ နံနက်(၁၀:၀၀)နာရီ၊
(ခ) နေရာ – အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်းနှင့် ၅၀လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ဂ) ပစ္စည်းအမျိုးအမည် – Mobile Phone၊ Tablet၊ အထွေထွေလူသုံးကုန်ပစ္စည်းများ၊
(ဃ) လေလံပုံစံရောင်းချခြင်း – ၁၈–၈–၂၀၂၆ ရက်နေ့မှ ၂၀–၈–၂၀၂၆ ရက်နေ့အထိ(ရုံးဖွင့်ရက်) ရုံးချိန်အတွင်း လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်)တစ်စုံလျှင် ကျပ်(၁၀၀၀၀/–)(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရောင်းချခြင်းနှင့် အာမခံစပေါ်ငွေပေးသွင်းခြင်းကို ၂၁–၈–၂၀၂၆ ရက်နေ့မှ ၂၇–၈–၂၀၂၆ ရက်နေ့အထိရုံးဖွင့်ရက်ရုံးချိန်အတွင်းလက်ခံသွားမည်ဖြစ်ပါသည်။
(င) ပစ္စည်းပြသမည့်အချိန် – အာမခံစပေါ်ငွေပေးသွင်းသူများကိုသာ ၂၁–၈–၂၀၂၆ ရက်နေ့မှ ၂၇–၈–၂၀၂၆ ရက်နေ့အထိ(ရုံးဖွင့်ရက်)နံနက်(၁၀:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီအထိ **(၅)ရက်**ပြသပါမည်။
(စ) ပစ္စည်းပြသမည့်နေရာ – Mobile Phone နှင့် Tablet များအား အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ နေပြည်တော်နှင့် အထွေထွေလူသုံးကုန်ပစ္စည်းများအား ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ ရန်ကုန်မြို့။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း(၀၉–၅၁၆၅၂၄၁)နှင့် (၀၉–၅၅၀၆၃၅၅)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

### ပျောက်ဆုံးကြောင်း
လှမျိုးနိုင်(ဘ)ဦးကျော်ဝင်းနိုင် ၁၄/ဝခမ(နိုင်) ၃၇၀၇၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 310850)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၈၈၃၂၁၀၂၀၈

### ပျောက်ဆုံးကြောင်း
အောင်ဆန်းမိုင်(ဘ)ဦးမာဂွန်း ၁၃/လရန(နိုင်) ၁၄၆၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၉၇၀၈၉၈၄၂

### အမည်မှန်နှင့်ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ အထက(၂)ကျောင်းမှ Grade–6(B)မှ မဖြူဇင်ရှင်းသန့်၏ အမည်မှန်မှာ မဖြူစင်ရှင်းသန့်ဖြစ်ပြီး ဖခင် ဦးစိုးမြင့်လွင်၏အမည်မှန်မှာ ဦးဘိုဘို ၁၂/မဂဒ(နိုင်)၁၄၄၅၆၁ ဖြစ်ပါကြောင်း။ **မဖြူစင်ရှင်းသန့်၊ ဦးဘိုဘို**


**မြဝတီ** နေ့စဉ် ရောင်စုံ သတင်းစာ
**လူမှုရေး/စီးပွားရေးကြော်ငြာများ**
**(30 % Discount Off )**
မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား(၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-
- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၄၄၄၄၁၈၆၉၁
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။


### အမည်ပြောင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က (ငန်းစပ်)Grade–5 တွင်ပညာသင်ကြားနေသော အဘ ဦးသန်းစိုးထွန်း ၉/ဥတသ(နိုင်)၁၁၆၅၃၄ ၏သမီး မချစ်စုရတနာထွန်းအား မငွေရည်သွန်းဟုပြောင်းလဲခေါ်ဆိုပါရန်။ **မငွေရည်သွန်း**

### မွေးသက္ကရာဇ်အမှန်
လယ်ဝေးမြို့၊ အ.ထ.က(ခွဲ)ရေကာမှ အထက်တန်းပြဒေါ်ခိုင်ယာနွယ် ၈/ရနခ(နိုင်)၀၉၀၈၈၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆–၄–၁၉၈၅ ဖြစ်ပါကြောင်း။
၆–၄–၁၉၈၅

### ပျောက်ဆုံးကြောင်း
နန်းအမ်းတွီ(ဘ)ဦးစိုင်းတန်း ၁၃/ကသန(နိုင်) ၁၃၀၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 623641)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၁၁၄၈၈၉၈

### ပျောက်ဆုံးကြောင်း
နော်အက်စတာလင်း(ဘ)ဦးစောထိန်လင်း ၃/ဘအန(နိုင်)၀၂၉၂၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(670325)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
တေဇအောင်(ဘ)ဦးတင်ဟန် ၁၂/တတန(နိုင်) ၁၃၆၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ကဇိုင်း)ကျောင်း၊ Grade–12 မှ မမေဆုပန်၏ဖခင်အမည်မှန်မှာ စောစိုးသိန်း ၁၀/ဘလန(နိုင်)၀၇၄၉၁၇ ဖြစ်ပါကြောင်း။
**စောစိုးသိန်း**

### ပျောက်ဆုံးကြောင်း
နိုင်မျိုးဝင်း(ဘ)ဦးဝင်းစိန် ၅/မကန(နိုင်) ၀၉၇၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 478260)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၆၉၅၇၁၇၆၀

### ပျောက်ဆုံးကြောင်း
သန်းထွန်း(ဘ)ဦးမောင်ကို ၁၂/ပဘတ(နိုင်) ၀၀၆၅၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၂၅၀၉၆၅၉၉

### ပျောက်ဆုံးကြောင်း
ပေါက်မြို့နယ်၊ အုန်းတောရွာနေ သန္တာအောင်(ဘ)ဦးမြို့ငွေ ၈/ပမန(နိုင်) ၁၃၀၁၃၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MK 516243)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၅၃၇၁၇၂၇၇

### ဖခင်အမည်မှန်
ဇရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဖားလက်စိုကျေးရွာအုပ်စု၊ အ.ထ.က ဂုံညင်းတန်းကျောင်း Grade–9 မှ မအေးဇင်ဖူးလှိုင်၏ဖခင်အမည်မှန်မှာ ဦးထွေး ၁၄/ဇလန(နိုင်) ၁၉၄၃၈၃ ဖြစ်ပါကြောင်း။ **ဦးထွေး**

### အမည်မှန်နှင့်ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တသုခ အ.ထ.က Grade–8 မှ မောင်ဇင်မင်းနိုင်၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ဇင်လင်းနိုင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ၈/ရစက(နိုင်)၁၅၃၅၉၉ ဦးညိမ်းညိမ်းဖြစ်ပါကြောင်း။ **မောင်ဇင်လင်းနိုင်၊ ဦးညိမ်းညိမ်း**

### ပျောက်ဆုံးကြောင်း
ရန်ရှောက်ဂူ(ဘ)ဦးလော်စီး(ခ)ဦးရန်ကြိန်မုံး ၁၃/ကလတ(နိုင်)၀၂၉၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 228955)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၅၉၉၃၁၁၃၉၆

### ပျောက်ဆုံးကြောင်း
သဥ္စာထွန်း(ဘ)ဦးဝင်းထိန် ၁၄/ဘကလ(နိုင်) ၂၃၇၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ကန်သာယာ)ကျောင်း၊ Grade–4 မှ မောင်ကျော်ထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးဖိုးကျော် ၁၀/ဘလန(နိုင်)၁၃၄၅၀၁ ဖြစ်ပါကြောင်း။
**ဦးဖိုးကျော်**

### ပျောက်ဆုံးကြောင်း
နန္ဒမိုး(ဘ)ဦးကျော်မျိုးကို ၁၂/ဥကမ(နိုင်) ၂၉၉၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 780229)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၅၁၄၈၂၁၅

### ပျောက်ဆုံးကြောင်း
ဟန်နီထွေး(ဘ)ဦးကြည်မြင့် ၁၄/ဘကလ(နိုင်)၃၂၁၄၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၆၃၃၅၁၇၆၇

### ပျောက်ဆုံးကြောင်း
သက်သက်ကျော်(ဘ)ဦးကျော် ၁၂/တမန(နိုင်)၀၅၃၇၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၈၉၄၃၀၁၁၃၉

### ပျောက်ဆုံးကြောင်း
ဇော်ဝမ်း(ဘ)ဦးမောင်ငွေ ၇/ပခန(နိုင်) ၀၄၄၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၉၆၉၉၀၂၁

### ပျောက်ဆုံးကြောင်း
ချိုလဲ့ရည်ဝင်း(ဘ)ဦးဝင်းတင် ၁၂/သခန(နိုင်) ၁၅၂၅၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အေးချိုဦး(ဘ)ဦးပြုံးချို ၁၂/သကတ(နိုင်) ၁၄၈၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၇၃၇၀၇၈၆၄

**ပညာဘဏ်တိုက်စာကြည့်တိုက်**


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
BLUE DIAMOND
CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
PYIN OO LWIN
NAN MYAING
MOUNT PLEASANT COFFEE
2 plus 1
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

| မှတ်သား ဖွယ်ရာ မိုးရေချိန်များ ၁၄-၈-၂၀၂၆ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ထားဝယ် | ၂ | ဒသမ | ၉၉ | လက်မ | ကျိုက္ခမီ | ၂ ဒသမ | ၂၈ | လက်မ |
| | မဒေါက် | ၂ | ဒသမ | ၅၆ | လက်မ | ညောင်လေးပင် ၁ | ဒသမ | ၈၉ | လက်မ |
| | ရွှေကျင် | ၂ | ဒသမ | ၄၀ | လက်မ | သန်လျင် | ၁ ဒသမ | ၇၇ | လက်မ |
| | ဖြူး | ၂ | ဒသမ | ၃၂ | လက်မ | သထုံ | ၁ ဒသမ | ၇၄ | လက်မ |

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့်အမျိုးသမီး ၂ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်ထံ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများ လွှဲပြောင်းအပ်နှံစဉ်။

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင်အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၂၀ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် **စာမျက်နှာ ၂၂ ကော်လံ ၁ ➢**



# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းဗိုလ်စွဲ

နေပြည်တော် ဩဂုတ် ၁၄

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး ၃ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဖလားကို ဆွတ်ခူးရရှိသွားသည်။ **စာမျက်နှာ ၂၅ ကော်လံ ၁ ■■**

# MNL U - 20 လူငယ်လိဂ်ပြိုင်ပွဲတွင် ISPE အသင်း ရာသီဝက်ချန်ပီယံအဖြစ်ရပ်တည်



ရန်ကုန် ဩဂုတ် ၁၄

2026 MNL U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်အပြီးတွင် ISPE အသင်း ရာသီဝက်ချန်ပီယံအဖြစ်ရပ်တည်နိုင်ခဲ့သည်။ ယနေ့တွင် ပွဲစဉ်(၁၃)ဒုတိယနေ့၌ ပြိုင်ပွဲသုံးပွဲ ယှဉ်ပြိုင်ကစားကြရာ ISPE အသင်း၊ GALAXY **စာမျက်နှာ ၂၅ ကော်လံ ၄ ●**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုခွင့်ပြု

စာ - ၁၇ သို့

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆက်လက်ကျင်းပ



ရန်ကုန် ဩဂုတ် ၁၄

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရိုးရာလက်ဝှေ့ **စာမျက်နှာ ၂၅ ကော်လံ ၄ ▲**

## ဖလမ်းခရိုင်နှင့်မြို့နယ်ရှိ ဌာနဆိုင်ရာရုံး အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

စာ - ၁၆ သို့

## သက်ရှည်ကျန်းမာဖို့ ပြည်သူအားလုံးလိုက်နာစို့

စာ - ၈ သို့

# မုန်တိုင်းငယ်၏အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ်ကုန်းတွင်းပိုင်းဒေသများတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ **စာမျက်နှာ ၁၀ ကော်လံ ၁ ⊃**

# Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၄

Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဩဂုတ်လ ၁၅ ရက် ည ၇ နာရီခွဲတွင် စင်ကာပူအသင်းနှင့် ထိုင်းအသင်းတို့သည် စင်ကာပူအားကစားကွင်း၌လည်းကောင်း၊ ဩဂုတ်လ ၁၆ ရက် ည ၇ နာရီခွဲတွင် မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် **စာမျက်နှာ ၂၅ ကော်လံ ၁ ○**

# ဂျပန်မှာမိုးကြီးလို့ လူရှစ်ဦးသေဆုံးပြီး ထောင်ပေါင်းများစွာ လေဆိပ်မှာသောင်တင်နေ

နိုင်ငံတကာ စာ - ၂၄ သို့